ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ စနေနေ့ (23-7-2011) (၆၁၂၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အီဂျစ်အာရပ် သမ္မတနိုင်ငံ တပ်မတော် ဦးသျှောင်ကောင်စီဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၁ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီဂျစ်အာရပ် သမ္မတနိုင်ငံ တပ်မတော် ဦးသျှောင်ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမိုဟာမက် ဟူစိန်တန်တာဝီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၁ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အီဆမ် အဗ်ဒယ် အဇစ်ရှာရာဖ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံပိုင်စက်ရုံထုတ်ကုန်များ၏ အရည်အသွေး အဆင့်အတန်း သိရှိနိုင်စေရန်နှင့် ဈေးကွက်ချဲ့ထွင်တိုးတက်ရရှိစေရန် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပသော မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ဥပစာ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရေတိုရေရှည်လုပ်ငန်းများ လက်တွေ့ကျကျ ဆောင်ရွက် ဈေးကွက်နှင့် ဈေးကောင်းရရှိရေး ကုန်သည်ကြီးများက အရင်းအနှီးများအသုံးပြုပြီး ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ်အစည်းအဝေးနှင့် ဆန်စပါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စိုက်ပျိုးရေးဝန်ကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်တို့ မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ - ၂၀၁၁ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

၂၃-၇-၂၀၁၁
(စနေနေ့)

ကျေးလက် လူမှုစီးပွားဖွံ့ဖြိုးအောင် စွမ်းဆောင်

ယနေ့ကာလတွင် ဒီမိုကရေစီနိုင်ငံတော်သစ်ကို စတင်ထူထောင်နေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်က ပြုပြင်ပြောင်းလဲနေရချိန်။ လုပ်ငန်းကဏ္ဍအလိုက် ဖြည့်ဆည်းတည်ဆောက် ဖော်ဆောင်နေရချိန်ဖြစ်သည်။

နိုင်ငံတော်၏ များပြားလှသော လုပ်ငန်းများအနက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးသည် အဓိကကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ကျေးလက်ဒေသ ကုန်ထုတ်လုပ်မှုတိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးလာစေရန် ကဏ္ဍစုံကကြိုးပမ်းနေကြပြီ။ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကျေးလက်ဒေသပြည်သူများ ဝင်ငွေတိုးတက်ရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များအထိ ပါဝင်သည်။

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး နယ်ပယ်ခြောက်ရပ်တွင် လက်တွေ့ကျပြီး ထိရောက်သောလုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်သွားကြမည် ဖြစ်သည်။

ပညာရေးနယ်ပယ်တွင် အခမဲ့ မသင်မနေရ ပညာရေးစနစ်၊ ပညာရေးအဟောသိကံဖြစ်မှုလျှော့နည်းရေး၊ အဆင့်မြင့်ပညာ ဆည်းပူးနိုင်ရေးများ ဖော်ဆောင်ကြပေမည်။ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေရေး၊ အဖြစ်များသော ရောဂါများ ကွင်းဆင်းကုသပေးရေး၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများအတွက် ရန်ပုံငွေထူထောင်ပေးရေး စသည်တို့သည် ကျန်းမာရေးနယ်ပယ်၌ပါဝင်သည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များတိုးချဲ့ရေးနှင့် ကျေးရွာတိုင်း သတင်းစာရရှိရေး လုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။

ထို့အတူ လမ်းပန်းဆက်သွယ်ရေးတွင် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်စပ်လမ်းများ ဖောက်လုပ်ရေးနှင့် လမ်းအဆင့်မြှင့်တင်ရေး ကြိုးပမ်းကြရပေမည်။ ဆက်သွယ်ရေးတွင် ကျေးရွာတိုင်း တယ်လီဖုန်းစနစ်များ တပ်ဆင်အသုံးပြုနိုင်ရေး၊ ဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေးရေးနှင့် ကျေးလက်သတင်းဌာနများ တည်ဆောက်ပြီး ဈေးကွက်၊ ရာသီဥတု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးသတင်းများ ဖြန့်ချိသည့်လုပ်ငန်းစဉ်များ ဖော်ဆောင်ကြမည်ဖြစ်သည်။ ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးနည်းလမ်းများ၊ ရေသိုလှောင်သုံးစွဲရာ၌ သန့်ရှင်းမှုရှိရေး ပညာပေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ကြမည်ဖြစ်သည်။

ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ငန်းစဉ်များကို ချမှတ်နေကြပြီ။ လက်တွေ့ကျကျ ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်ဖော်ဆောင်နိုင်ရေး ဟန်ချက်ညီညီ ပေါင်းစည်းဆောင်ရွက်ကြခြင်းဖြင့် လုပ်ငန်းများ ပိုမိုမြန်ဆန်ထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး/ပြည်နယ်များရှိ အထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးအဖွဲ့များ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား လုပ်ငန်းဆောင်ရွက်သည့် အထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးအဖွဲ့များ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ လက်ရှိတာဝန်ယူဆောင်ရွက်လျက်ရှိသော အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် ပြီးစီးအောင်ဆောင်ရွက်သွားကြရန်၊ ရန်ပုံငွေများကို လုပ်ငန်းအလိုက် ခွဲဝေပေးထားပြီးဖြစ်သည့်အတွက် ငွေကြေးသုံးစွဲမှု မှန်မှန်ကန်ကန် တွက်ချက်ဆောင်ရွက်သွားရန်၊ တိုင်းဒေသကြီး / ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ လမ်း၊ တံတား လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ကျွမ်းကျင်စေရေးအတွက် သင်တန်းမတက်ရသေးသည့် ဝန်ထမ်းများအား သင်တန်းတက်ရောက်စေရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က လမ်း၊ တံတားဆိုင်ရာလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ အထူးအဖွဲ့များနှင့် အထူးစီမံကိန်းကြီးအဖွဲ့များရှိ အင်ဂျင်နီယာမှူးကြီးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများက အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား လုပ်ငန်းဆောင်ရွက်သည့် အထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးအဖွဲ့များ ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဇွန် ၇ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် မလွကုန်းဌေးကြွယ်(က)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းဦး၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲနှင့် စေတနာရှင် အလှူရှင်များက တာမွေမြို့နယ် အမက(၉)ရှိ ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဆေးတက္ကသိုလ်(၁)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

ဆေးတက္ကသိုလ်(၁)ရန်ကုန်တွင် ၁၉၆၄ ခုနှစ်မှ စတင်ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (စနေနေ့)တွင် ကျင်းပမည် ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာကျော်ထွေး ဖုန်း-၀၁-၅၆၃၆၃၁၊ ဒေါက်တာမြင့်အောင်ခင် ဖုန်း-၀၁-၆၂၉၃၆၇၊ ဒေါက်တာတင်မောင်ဝင်း ဖုန်း-၀၁-၂၉၀၃၉၀၊ ဒေါက်တာတင်ဦး ဖုန်း-၀၂-၈၀၆၈၅၊ ဒေါက်တာမြင့်မြင့်ဇင် ဖုန်း-၀၁-၅၆၁၈၃၇၊ ဒေါက်တာဥမ္မာသွင် ဖုန်း-၀၁-၅၃၇၆၅၆၊ ဒေါက်တာမျိုးလွင် ဖုန်း-၀၁-၅၀၅၀၂၉၊ ဒေါက်တာမြင့်မြင့်သွင် ဖုန်း-၀၁-၅၆၆၈၉၆၊ ဒေါက်တာခင်စန်းဝင်း ဖုန်း-၀၁-၆၆၁၅၄၅၊ ဒေါက်တာမေမြင့်ဦး ဖုန်း-၀၁-၆၅၂၆၆၅၊ ဒေါက်တာစိုးစိုး ဖုန်း-၀၉-၇၃၀၂၂၅၁ နှင့် ဒေါက်တာစန်းဝင်း ဖုန်း-၀၉-၅၀၇၂၂၁၅ တို့သို့ ဆက်သွယ်၍ အလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဆင်ဖြူကျွန်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်

ရန်ကုန် ဇူလိုင် ၂၂

သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ ဆင်ဖြူကျွန်းဆရာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ ကျောင်းဆောင်သစ်အား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း၊ ခရိုင်ပညာရေးမှူး ဦးမြင့်သိန်း၊ ခရိုင်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးသိန်းဇော်လေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။**(အောက်ပုံ)**

(၅၇၂)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီ မဥ္ဇူလမ်းသွယ်(၂)နေ ဦးကျော်လင်း-ဒေါ်သန်းသန်းဆွေတို့၏ (၂၂) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဒေါက်တာဒေါ်သီတာလှိုင်နှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့ လက်ခံစဉ်။

(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၀၇၃	၀. ၀၃၃၅၅
တရုတ် (ယွမ်)	၆. ၄၄၇၉၀	၀. ၁၅၅၀၉
အိန္ဒိယ (ရူပီး)	၄၄. ၃၅၅၀	၀. ၀၂၂၅၅
မလေးရှား (ရင်းဂစ်)	၂. ၉၇၃၅၀	၀. ၃၃၆၃၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၈၁၉	၀. ၈၂၇၆၈
ဂျပန် (ယန်း)	၇၈. ၃၉၈၀	၀. ၀၁၂၇၆
တောင်ကိုရီးယား(ဝမ်)	၁၀၅၁. ၉၃	၀. ၀၀၀၉၅
ယူရို	၀. ၆၉၅၆၃	၁. ၄၃၇၄၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၄၀၁	၁. ၆၂၈၆၃

အင်တာနက်။

လပွတ္တာစည်ပင် ရေမြောင်းတူးဖော်

လပွတ္တာ ဇူလိုင် ၂၂

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သူမင်းနှင့် အဖွဲ့ဝန်ထမ်းများသည် အောင်သိဒ္ဓိလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းတူးဖော်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

❍ ရွှေဖုံးမှ

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ပြပွဲလာ ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့်အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ပြပွဲတွင် ခင်းကျင်းပြသထားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့မှ ထုတ်လုပ်သော စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁ ကို အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ အရည်အသွေး အဆင့်အတန်းကို အများပြည်သူများ သိရှိနိုင်စေရန်နှင့် ဈေးကွက်ချဲ့ထွင် တိုးတက်ရရှိစေရန်ရည်ရွယ်၍ ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ စက်မှုထုတ်ကုန်ပစ္စည်း အမည်ပေါင်း ၈၉၃ မျိုး၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော လုပ်ထုံးလုပ်နည်းများ၊ လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေဆိုင်ရာ သိကောင်းစရာ အချက်အလက်များနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန အောက်ရှိ အကြီးစားစက်မှုလုပ်ငန်းများမှ လူစီးမော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများ၊ လုပ်ငန်းသုံးစက်ယန္တရားကြီးများ၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာများ၊ အင်ဂျင်အမျိုးမျိုး၊ စက်နှင့်စက်ပစ္စည်းအစိတ်အပိုင်းများ အပါအဝင် စက်မှုထုတ်ကုန် ၇၂ မျိုး၊ တာယာအမျိုးမျိုး၊ တာဘိုင်နှင့် ဂျင်နရေတာများ၊ ဝါယာကြိုးများ၊ ဘက်ထရီများ၊ မီတာများ၊ Computer Numerical Control စနစ်သုံး စက်ပစ္စည်းများ၊ လျှပ်စစ်စွမ်းအင် သုံးစွဲမှု လျော့ကျစေရန်အတွက် LED မီးသီးများ၊ Solar ပြားများကို စုံလင်စွာ ခင်းကျင်းပြသထားသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ -၂၀၁၁ ပြပွဲတွင် ခင်းကျင်းပြသထားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကြစဉ်။
(သတင်းစဉ်)

မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ -၂၀၁၁ ပြပွဲတွင် ခင်းကျင်းပြသထားသည့် စက်မှု ထုတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"မွေးနေ့မင်္ဂလာရတနာ"တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၃)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်" (အပိုင်း-၁၅)**
၈း၅၀	သာစုခေါ်သံမစဲ. . . မြိုင်မြို့ရဲ့ သာသနာပြုပွဲ
၉း၁၀	သူ့ဘဝသူ့လက်ရာ
၉း၂၀	Activities In The City
၉း၂၅	ပန်းတစ်ပွင့်တောင်မှ ကြည်နူးဖွယ် ဒါနနှင့် သာစုခေါ်သံများ
၉း၄၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၀	စိန်ဘုရားများ သီတင်းသုံးရာပဒုမ္မာ
၁၀း၃၀	သွားမယ်၊ စားမယ်
၁၀း၅၅	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၂၀	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၁၁း၄၀	ဟိုတယ်လမ်းညွှန်
၁၁း၅၅	Sewing Mill "Shinsung" (ရွှေပေါက်ကံစက်မှုဇုန်)
၁၂း၂၅	"မွေးနေ့မင်္ဂလာရတနာ"တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၁း၃၀	ပထမအကြိမ်ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၁၁ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
၄း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"မာယာမျှဉ်းပြိုင်" (အပိုင်း-၁၅)**
၅း၂၅	ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ (အပိုင်း-၁)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၇၄)**
၇း၃၀	ဖက်ရှင်လမ်းညွှန်
၇း၅၀	Activities In The City
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show
၉း၀၀	VJ Choice
၉း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"မာယာမျှဉ်းပြိုင်" (အပိုင်း-၁၆)**
၁၀း၃၀	14th FINA WORLD CHAMPIONSHIPS-SHANGHAI 2011
၁၁း၃၀	World of Knowledge
၁၂း၁၅	သက်တံရောင်ကောင်းကင်သစ် (အကယ်ဒမီရဲအောင်၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-မီးပွား)
၁း၀၀	သူတို့ပြောတဲ့သူတို့အကြောင်း
၁း၂၅	မြန်မာတို့၏စွဲမက်ဖွယ်ရာထိုးမုန့်၊ လမုန့်အရသာ
၁း၃၅	ဖန်တီးသူနှင့်အနုပညာ
၂း၀၅	မြန်မာ့လက်မှု အနုလက်ရာစုံစွာ. .
၂း၁၅	Celebrity Profile
၂း၅၀	မမေ့နိုင်ပါပြီ. . ကမ္ဘောဇအလှဌာနီ
၃း၁၀	Shooting Location
၃း၄၀	မြန်မာ့သနပ်ခါး
၃း၅၀	စွဲမက်ဖွယ်ရာရတနာ
၄း၂၅	အလှဆင်စရာပရိဘောဂကမ္ဘာ
၄း၄၀	အေးချမ်းသာလ. . . ဝါဠုက
၅း၀၀	အစီအစဉ်ပြီး။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးနှင့် ဆန်စပါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

❋ လယ်ယာကဏ္ဍမှ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါး လုပ်ငန်းရှင်များအသင်း၊ ဆန်စပါးအထူးပြုကုမ္ပဏီများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတက ချမှတ်အတည်ပြုပေးထားသည့် လုပ်ငန်းရပ်များအပေါ် လက်ငင်းလုပ်ငန်း၊ ရေတိုရေရှည် အကောင်အထည်ဖော်ရမည့် လုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လက်တွေ့ဝင်ငွေနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးလက်အဆင့်အထိ ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ သီးနှံထွက်ကုန်များ ခိုင်မာသောဈေးကွက်နှင့် ဈေးကောင်းရရှိရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အပါအဝင် ကုန်သည်ကြီးများအနေဖြင့် မိမိတို့အရင်းအနှီးများကို အသုံးပြုပြီး အခြေခံလယ်သမားများ တွက်ခြေကိုက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆန်စပါးစိုက်ဧကမှန်ကန်ရေး၊ တစ်ဧကကောင်း၊ သင့်၊ ညံ့ လယ်မြေ အမျိုးအစားအလိုက် အထွက်နှုန်း စာရင်းဇယားများ မှန်ကန်စွာ ကောက်ယူရရှိရေးလုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆန်စပါး ထုတ်ကုန်တင်ပို့မှုကို မြှင့်တင်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ပြည်သူတစ်ရပ်လုံး၏ စားရေးဖူလုံမှုကို တွက်ချက်၍ဖြစ်ပေါ်လာနိုင်သော ရာသီဥတုဖောက်ပြန်မှုအန္တရာယ်အတွက်အရန်ဆန်လိုအပ်ချက်ကိုပါ သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံခြားသို့ ဆန်စပါးတင်ပို့ ရောင်းချနိုင်မှု၊ မြန်မာ့ဆန်၏ နိုင်ငံခြားဈေးကွက်အနေအထားနှင့် တိုးတက်တင်ပို့ရောင်းချနိုင်မည့် ဈေးကွက်လိုအပ်ချက်အလားအလာတို့ကို သုံးသပ်ဆွေးနွေးပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဆည်ရေသောက် လယ်မြေများတွင် နွေစပါးကို အဓိကသီးနှံအဖြစ် ထိထိရောက်ရောက် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ တစ်ဧကအထွက်နှုန်းတိုးရန်အတွက် အထူးအထွက်တိုးမျိုးများကို ပြောင်းလဲအသုံးပြုရန်နှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို တစ်နိုင်ငံလုံး ပျံ့နှံ့အောင် ဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က တည်ဆောက်ပြီး ဆည်များနှင့် ဆန်စပါးသီးနှံ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆည်ရေသောက်စနစ်များကို ထိရောက်မှန်ကန်စွာ အသုံးပြုနိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် အထောက်အကူပြု စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းအကောင်အထည်ဖော်နေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆန်စပါးသီးနှံ၏ ပြည်ပတင်ပို့ရောင်းချနိုင်မှု အလားအလာနှင့် ဈေးနှုန်းဆိုင်ရာများကို လည်းကောင်း၊ ဆန်စပါးလုပ်ငန်းရှင်များ အသင်းနှင့် ဆန်စပါးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများက လက်ရှိဆန်စပါး ဈေးကွက်အခြေအနေနှင့် ပို့ကုန်တင်ပို့နိုင်မည့် နည်းလမ်းများ၊ ဆန်ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် စပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးဝန်ကြီးများက လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရပ်များ အကောင်အထည်ဖော်မှု အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏ လယ်ယာကုန်ထုတ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တောင်သူလယ်သမားများ၏ အကျိုးကို ရှေးရှု၍ တစိုက်မတ်မတ် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက်၊ ဈေးကွက်တွင် ဈေးကောင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ကုန်သည်ကြီးများအသင်းအနေဖြင့် ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။(သတင်းစဉ်)

နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရေးစက်ရုံ အီရန်တွင် ဖွင့်လှစ်

တီဟီရန် ဇူလိုင် ၂၂

အီရန်နိုင်ငံ၏ အကြီးဆုံးသော နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရေးစက်ရုံကို ဇူလိုင် ၂၂ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း အီရန်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံကို အီရန် ဒုတိယသမ္မတ မိုဟာမက်ရီဇာရာမီနီက ဖွင့်လှစ်ပေးလိုက်သည်။

အီရန်သိပ္ပံပညာရှင်များ ဒီဇိုင်းပုံစံထုတ်ကာ တည်ဆောက်ခဲ့သော နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံသည် မြို့တော်တီဟီရန်အရှေ့ဘက် မိုင် ၅၃၀အကွာ မာရှာဟက်မြို့၌ တည်ရှိသည်။

အဆိုပါစက်ရုံတွင် ဆိုလာပြား ၂၁၆ ခုကို အသုံးပြုကာ စွမ်းအင်ထုတ်ယူမည်ဖြစ်သည်။

နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံသည် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၇၂၀၀၀ ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါစက်ရုံ၏ အမှုဆောင်အရာရှိချုပ် ရေဇာကာရာမီယန်က ပြောကြားသည်။

အီရန်နိုင်ငံသည် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုမရှိသော စွမ်းအင်ကိုထုတ်လုပ်နိုင်ရန် သဘာဝအရင်းအမြစ်များကို တိုးတက်သုံးစွဲလျက်ရှိသည်။ အီရန်အစိုးရ၏ ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ ဒေသဆိုင်ရာပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်ရန်ဖြစ်သည်။ **ဆင်ဟွာ။**

ဇူလိုင် ၂၁ရက်က ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ မာရန်စစ်စခန်း၌ မောင်းသူမဲ့လေယာဉ်များ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကျင်းပစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်ရေတပ်၌ အသုံးပြုရန် ပြည်တွင်းဖြစ် မောင်းသူမဲ့လေယာဉ်များ ပေးအပ်

ကရာချိ ဇူလိုင် ၂၂

ပါကစ္စတန်နိုင်ငံ၌ ပြည်တွင်းဖြစ် မောင်းသူမဲ့လေယာဉ်များအား ရေတပ်၏ လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇူလိုင် ၂၁ရက်က ကျင်းပခဲ့ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ မာရန်စစ်စခန်း၌ကျင်းပသော အခမ်းအနားတစ်ရပ်တွင် ရေတပ်အတွက် မောင်းသူမဲ့လေယာဉ်များကို စစ်ဘက်တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်များကို အူကက်-၂ ဟု အမည်ပေးထားပြီး အာရုံခံကိရိယာများ ပါရှိသည်။ မောင်းသူမဲ့လေယာဉ်များကို ပါကစ္စတန်ရေတပ်က ရရှိခြင်းဖြင့် ရေတပ်၏ ထောက်လှမ်းရေးစွမ်းပကားများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မိမိတို့ရေတပ်၏ စစ်ဆင်ရေးလုပ်ငန်းများရည်မှန်းချက်ပေါက်မြောက်နိုင်ရန် မောင်းသူမဲ့လေယာဉ်များက ထောက်ကူမည်ဖြစ်ကြောင်း ရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ် နိုမန်ဘာရှီးက ပြောကြားသည်။

မောင်းသူမဲ့လေယာဉ်များသည် အရွယ်အစားအရ သေးငယ်ခြင်း၊ အသုံးပြုရန်လွယ်ကူခြင်းနှင့် ဆုံးရှုံးမှုတန်ဖိုးနည်းပါးခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ တိုက်ခိုက်ရေးတပ်ဖွဲ့များက ယင်းလေယာဉ်များကို အသုံးပြုလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ နိုင်ငံပိုင်ရေနံချက်စက်ရုံတစ်ရုံပေါ်သို့ ပါကစ္စတန်ရေတပ်၏ မောင်းသူမဲ့လေယာဉ်တစ်စင်း ပျက်ကျသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ရပြီးနောက် တစ်ရက်အကြာတွင် မောင်းသူမဲ့လေယာဉ်များ လွှဲပြောင်းပေးအပ်သည့်အခမ်းအနား ကို ကျင်းပခဲ့သည်။ **ရိုက်တာ။**

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု နှစ်ပတ်လည်ကာလ လုံခြုံရေးဆိုင်ရာ သတိပေးချက်ထုတ်ပြန်

ဝါရှင်တန် ဇူလိုင် ၂၂

အမေရိကန်နိုင်ငံ၌ အများပြည်သူများအတွက် ဝန်ဆောင်မှုပေးနေသော စက်ရုံထောင်ပေါင်းများစွာသည် အကြမ်းဖက်သမားများ၏ ပစ်မှတ်များ ဖြစ်လာနိုင်ကြောင်း အမိမြေလုံခြုံရေးဌာနက သတိပေးလိုက်ကြောင်း အေဘီစီရုပ်မြင်သံကြားဌာနက ဇူလိုင် ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံအတွင်းရှိ အစွန်းရောက်သမားများသည် အယ်လ်ခိုင်ဒါအဖွဲ့ကိုယ်စား အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ကွန်ပျူတာကွန်ရက်တိုက်ခိုက်မှုများကို ပြုလုပ်လာနိုင်ကြောင်း အမိမြေလုံခြုံရေးဌာနက သတင်းပေးချက်ထုတ်ပြန်ထားသည်ဟု သတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု၏ နှစ်ပတ်လည်အခါသမယနီးကပ်လာချိန်တွင် ဓာတုဗေဒစက်ရုံသို့မဟုတ် ရေနံချက်စက်ရုံ၌ အလုပ်လုပ်ကိုင်နေသူ အတွင်းလူတစ်ဦးက အယ်လ်ခိုင်ဒါအဖွဲ့ကိုယ်စား ကြီးကျယ်သော အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကို ပြုလုပ်နိုင်ဖွယ်ရှိကြောင်း အမိမြေ လုံခြုံရေးဌာနက သတိပေးသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ရပ်၏ ၁၀နှစ်ပြည့် နှစ်ပတ်လည်နေ့ဝန်းကျင်တွင် အမေရိကန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

အာဖဂန်နစ္စတန်တွင် မူးယစ်ဆေးဝါးနှင့် လက်နက်များ သိမ်းဆည်းရမိ

ကင်ဘာရာ ဇူလိုင် ၂၂

အာဖဂန်နစ္စတန်နိုင်ငံတွင် ဩစတြေးလျတပ်ဖွဲ့များ၏ အထောက်အကူပြုမှုဖြင့် မူးယစ်ဆေးဝါးနှင့် လက်နက်အများအပြားကို အာဖဂန်တပ်ဖွဲ့များက ဖမ်းဆီးရမိခဲ့ကြောင်း ဩစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့က ဇူလိုင် ၂၂ ရက်တွင် အတည်ပြုပြောကြားသည်။

အာဖဂန်အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်ရေးတပ်ဖွဲ့သည် ဩစတြေးလျအထူးစစ်ဆင်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ ကျောထောက်နောက်ခံပြုမှုဖြင့် ဘိန်းတစ်တန်၊ ဟီးရိုးအင်းကီလိုဂရမ်အများအပြားနှင့် ဓာတုဗေဒမူးယစ်ဆေးဝါး ထုတ်လုပ်ရာ၌ အသုံးပြုသော ဓာတုပစ္စည်းနှစ်တန်ကျော်ကို အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း ဒေကွန်ဒီပြည်နယ်တွင် သိမ်းဆည်းရမိသည်။

သိမ်းဆည်းရမိ

ပစ္စတိုသေနတ်များ၊ ရိုင်ဖယ်သေနတ်များ၊ စက်သေနတ်များနှင့် ခဲယမ်းမီးကျောက်များအပါအဝင် လက်နက်အမျိုးအစား ၂၀ ကျော်ကိုလည်း ရှာဖွေသိမ်းဆည်းရမိကြောင်း အာဖဂန်တပ်ဖွဲ့ တပ်မှူးတစ်ဦးက ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်သွေးကြွများက ရန်ပုံငွေရရှိရန် တရားမဝင် မူးယစ်ဆေးဝါးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြသည်။

အာဖဂန်တပ်ဖွဲ့သည် မူးယစ်ဆေးဝါး ထုတ်လုပ်ရေးစက်ရုံများကိုလည်း ဖျက်ဆီးခဲ့ကြသည်။ တရားမဝင် မူးယစ်ဆေးဝါးကုန်သွယ်မှုသည် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေကြောင်း အာဖဂန် ကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဆင်ဟွာ။

ပလူတိုဂြိုဟ်၏ စတုတ္ထမြောက် ဂြိုဟ်ရံလ စီးဘားရပ်စ်ဟူသောအမည်ရဖွယ်ရှိ

နယူးယောက် ဇူလိုင် ၂၂

ပလူတိုဂြိုဟ်ကို လှည့်ပတ်နေသော စတုတ္ထမြောက်ဂြိုဟ်ရံလတစ်စင်းအား နက္ခတ္တ ဗေဒပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ယင်းဂြိုဟ်ရံလအား အမည်ပေးရတော့မည်ဖြစ်ရာ စီးဘားရပ်စ်(ceberus)ဟူသော အမည်ကို လူကြိုက်များလျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ပီ-၄ ဟု ယာယီအားဖြင့် အမည်သတ်မှတ်ထားသော ပလူတိုဂြိုဟ်၏ ဂြိုဟ်ရံလကို အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)၏ ဟတ်ဘယ်တယ်လီစကုပ်က ပေးပို့ခဲ့သည့်ဓာတ်ပုံများမှတစ်ဆင့် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။

တရားဝင်လုပ်ဆောင်ခဲ့ခြင်းမဟုတ်သော ဆန္ဒသဘောထားကောက်ခံမှုများအရ ပလူတို၏ စတုတ္ထမြောက်ဂြိုဟ်ရံလကို မစ်ကီ (Mickey)ဟူ၍ အမည်ပေးရန်အများစုက ဆန္ဒပြုခဲ့ကြသည်။

သို့ရာတွင် နိုင်ငံတကာနက္ခတ္တသိပ္ပံဆိုင်ရာ သမဂ္ဂ၏ စည်းမျဉ်းများအရ နက်ပကျွန်းဂြိုဟ်၏ ပတ်လမ်းအတွင်း ရောက်ရှိနေသော သို့မဟုတ် ကျော်လွန်နေသော အာကာသဒြပ်ဝတ္ထုများအား အမည်ပေးရာတွင် မြေအောက်ကမ္ဘာ(ငရဲဘုံ)နှင့် ပတ်သက်သော ဒဏ္ဍာရီလာ အမည်များသာ ပေးရမည်ဖြစ်ရာ မစ်ကီဟူသောအမည်မှာ အကျုံးမဝင်ပေ။

ပီ-၄ ဂြိုဟ်ရံလအတွက် လက်ရှိခေတ်စားနေသောအမည်မှာ စီးဘားရပ်စ်ဖြစ်သည်။ စီးဘားရပ်စ်သည် ရှေးခေတ်ရောမလူမျိုးများ ယုံကြည်ကြသော မြေအောက်ကမ္ဘာ၏ ဝင်ပေါက်ကို စောင့်ကြပ်ရသည့် ဦးခေါင်းသုံးလုံးပါ ခွေး၏ အမည်ဖြစ်သည်။

ပလူတိုဂြိုဟ်၏ အမည်သည်ပင် ရောမဒဏ္ဍာရီလာ မြေအောက်ကမ္ဘာကို အစိုးရသော နတ်(ပလူတို)၏ အမည်အားအစွဲပြုခေါ်ဆိုခြင်းဖြစ်ပြီး ယင်းဂြိုဟ်၏ အခြားသော ဂြိုဟ်ရံလများ၏အမည်များအားလည်း မြေအောက်ကမ္ဘာနှင့်ပတ်သက်သော ဒဏ္ဍာရီလာ အမည်များသာ ပေးထားသည်။

အင်တာနက်။

တရုတ်နိုင်ငံ၌ အင်တာနက်သုံးစွဲသူ ဇွန်လကုန်တွင် ၄၈၅ သန်းရှိ

ပေကျင်း ဇူလိုင် ၂၂

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက် သုံးစွဲသူအများဆုံး တည်ရှိရာနိုင်ငံဖြစ်ပြီး ဇွန်လကုန် အခြေပြစာရင်းအရ အင်တာနက်သုံးစွဲသူ ၄၈၅ သန်းရှိကြောင်း၊ ယင်းမှာ ၂၀၁၀ ခုနှစ် နှစ်ကုန်ကာလနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း တရုတ်အင်တာနက်ကွန်ရက် သတင်းပြန်ကြားရေးဗဟိုဌာနက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၌ ဒီဇင်ဘာလနောက်ပိုင်း အင်တာနက် သုံးစွဲသူဦးရေ ၂၇ ဒသမ ၇ သန်း ပိုမိုတိုးတက်လာကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ၏ လူဦးရေ ၁ ဒသမ ၃ ဘီလီယံအနက် သုံးပုံတစ်ပုံကျော်မှာ အင်တာနက်ကို အသုံးပြုကြသည်။

တရုတ်နိုင်ငံ၌ မိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်ကွန်ရက် အသုံးပြုသူ ၃၁၈သန်း ရှိသည်။

ဆင်ဟွာ။

၂၀၁၀ ခုနှစ်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးများကြောင့် တရုတ်နိုင်ငံ၌ လူ ၇၈၄၄ ဦး အသေအပျောက်ရှိခဲ့

ပေကျင်း ဇူလိုင် ၂၂

၂၀၁၀ ခုနှစ်အတွင်း တရုတ်နိုင်ငံတွင် ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် လူပေါင်း ၇၈၄၄ ဦးမှာ သေဆုံး(သို့မဟုတ်)ပျောက်ဆုံးခဲ့ရပြီး လူဦးရေသန်း ၄၃၀ မှာလည်း ယင်းသဘာဝဘေးဒုက္ခများ၏ သက်ရောက်မှုဒဏ်ကို ခံစားခဲ့ရသည်ဟု တရုတ်နိုင်ငံမြို့ပြရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်သော အစီအရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ဆုံးရှုံးမှု

ယင်းသဘာဝဘေးကျရောက်မှုများ၏ အကျိုးဆက်ကြောင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ တိုက်ရိုက်ဆုံးရှုံးမှုတန်ဖိုးမှာ ယွမ်ငွေ ၅၃၃ ဒသမ ၉၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၇၂ ဘီလီယံ) ဖြစ်သည်ဟု အဆိုပါအစီအရင်ခံစာ၌ ဖော်ပြထားသည်။

သဘာဝဘေးမျိုးစုံ

၂၀၁၀ ခုနှစ်အတွင်း တရုတ်နိုင်ငံအနေဖြင့် ပြင်းထန်သော သဘာဝဘေးမျိုးစုံနှင့် ကြုံတွေ့ခဲ့ရပြီး ၎င်းတို့အထဲတွင် ပြင်းထန်သော ကွမ်ရှီးငလျင်နှင့် ကန်းဆုပြည်နယ် ကျိုကူးမြေပြိုမှုများလည်း ပါဝင်သည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

တရုတ်ဗဟိုအစိုးရက သဘာဝဘေးသင့်ပြည်သူများအနေဖြင့် ၎င်းတို့၏အိမ်ရာများ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ယွမ်ငွေ ၃ ဒသမ ၄၁ ဘီလီယံကို ယမန်နှစ်က ထောက်ပံ့ပေးခဲ့သည်ဟု ဆိုသည်။ **အင်တာနက်။**

အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေးကို နေပြည်တော်၌ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီခွဲတွင် ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ သက်ဆိုင်ရာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

အစည်းအဝေးကျင်းပ

နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပစဉ်။

(သတင်းစဉ်)

ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းဖြတ်ရာ ဒေသများ၌ ပညာရေးနှင့် ကျန်းမာရေး အကူအညီပေးရေးအစီအစဉ်များ ဆွေးနွေး

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation (CNPC), President Mr.Zhang Jialin ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၂

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများအကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation (CNPC), President Mr. Zhang Jialin ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းဖြတ်သန်းရာ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ဒေသများတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ အကူအညီပေးရေးအတွက် China National Petroleum Corporation (CNPC)မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ခြောက်သန်းဖြင့် စာသင်ကျောင်းရှစ်ကျောင်း၊ ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၉ ခု တို့အား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအစီအစဉ်များကို ယခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ် စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၇-၂၀၁၁ (စနေနေ့)

[၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ ကဗျာပန်းဥယျာဉ်
၈း၂၅ ၈။ International News
၈း၃၀ ၉။ Islands of Dhamma
၈း၃၅ ၁၀။ ဘဒ္ဒန္တဂုဏေသန(အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်၊ ကျိုက်ပိကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၀၅ ၅။ Yan Can Cook
၁၂း၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၆၁)**
၁း၁၅ ၇။ ရောင်စုံရေးသီ တေးပန်းချီ
၁း၃၀ ၈။ "(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို" (ဘီလီယက်နှင့် စနူကာ)
၁း၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁း၅၀ ၁၀။ "စိမ်းလန်းစိုပြည် မူဆယ်မြေ"
၂း၁၀ ၁၁။ အဆိုပြိုင်ပွဲ
၂း၁၅ ၁၂။ "အိမ်ထောင်စုဝင် လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းတွင် ဖြေလျှော့ဆောင်ရွက်ပေးမည့် အချက်အလက်များနှင့် သိကောင်းစရာများ"
၂း၅၀ ၁၃။ International News
၃း၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ အတီးပြိုင်ပွဲ
၄း၁၀ ၃။ မျိုးမြိုးကြွကြွယဉ်ကျေးမှုအက
၄း၂၀ ၄။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ဆဌမအကြိမ် မွေ့စကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၁) ကျောက်တန်း] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေးတေးများ
၅း၂၀ ၇။ International Science News
၅း၂၅ ၈။ "ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ"
၅း၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ အလှူရှာမယ် လှူကမ္ဘာဝယ်
၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ် (နန်းခေးမား)
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၂၉)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၃၃)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၂၅)**
၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရုပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန် ကွန်ပျူတာတက္ကသိုလ် (၁၉၈၆-၂၀၁၀)တွင် ပညာသင်ကြားခဲ့ကြသော (B.C.Sc/B.C.Tech)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိကြသည့် ဆရာ၊ ဆရာမများအား ဂါရဝပြုပေးအပ်မည့် ငွေများကို လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်းသွားမည်ဖြစ်သည်။

M.I.Sc တက်ရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများကိုလည်း အာစရိယပူဇော်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားပြီး အလှူငွေများ ပါဝင်လှူဒါန်းလိုပါက မမင်းသူ ဖုန်း-၀၉-၅၀၀၆၃၂၉၊ ကိုမင်းဦး ဖုန်း-၀၉-၅၀၀၇၁၆၆၊ မစန်းရင်မြင့် ဖုန်း-၀၁-၅၂၅၀၃၁၊ ၀၁-၇၀၃၂၃၂၊ ကိုထွန်းခိုင် ဖုန်း-၀၉-၅၀၄၇၉၁၅၊ ကိုမောင်မောင်ခိုင် ဖုန်း-၀၉-၅၅၈၁၅၀၉၊ ကိုကျော်ကျော်နိုင် ဖုန်း-၀၉-၇၃၁၉၉၁၀၁၊ ကိုကျော်မြတ်သော် ဖုန်း-၀၉-၅၀၃၄၄၂၆၊ မဆွေဇင်လှိုင် ဖုန်း-၀၉-၅၁၈၂၃၄၀၊ မခင်မာစိုး ဖုန်း-၀၉-၅၁၇၁၈၅၆၊ ကိုသက်ထွန်းခိုင် ဖုန်း-၀၉-၅၀၃၉၄၄၁၊ မပတ္တမြားကေခိုင် ဖုန်း-၀၉-၅၁၄ ၆၅၀၉၊ မလင်းနန္ဒာစံ ဖုန်း-၀၉-၅၁၆၃၆၄၈၊ ကိုနေလင်းဇင် ဖုန်း-၀၉-၅၁၄၈၈၃၉၊ ကိုသန့်ဖြိုးဝင်း ဖုန်း-၀၉-၅၁၇၉၁၂၁၊ ကိုဇော်ပိုးသန့် ဖုန်း-၀၉-၅၀၃၉၀၄၀၊ ကိုဝင်းထက်မောင်မောင် ဖုန်း-၀၉-၅၀၁၄၆၂၄၊ ကိုရဲဝင့်ထူး ဖုန်း-၀၉-၅၀၀၃၇၀၀ နှင့် မအိသီရိ ဖုန်း-၀၉-၈၆၀၀၀၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ဇူလိုင် ၃ ရက်က မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်သာယာဈေးအတွင်း ဈေးဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်အောင် ကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မိုးကောင်းမြို့ ခိုင်မြဲသမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

မိုးကောင်း ဇူလိုင် ၂၂

ကချင်ပြည်နယ် မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက် ခိုင်မြဲရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက နတ်ကြီးကုန်းရပ်ကွက် အမက(၂)၌ ကျင်းပရာ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးစောမိုးလွင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေသီ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမင်းဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်သန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးနှစ်ချုပ် ရှင်းတမ်း ဖတ်ကြားတင်သွင်းခြင်း၊အသင်းသားများ၏ သားသမီးများထဲမှ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူများအား ဆုချီးမြှင့်ခြင်း၊ ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ခြင်း၊ ရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း သုံးကျောင်းသို့ ရန်ပုံငွေ၊ ကျောင်းသုံးဗလာစာအုပ်၊ လက်ရေးလှစာအုပ်နှင့် ခဲတံများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ (၄၉၉)

လှိုင်လင်စည်ပင် ကျောက်ချောလမ်းခင်း

လှိုင်လင် ဇူလိုင် ၂၂

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဂေါက်ကွင်းလမ်းအရှည်ပေ ၁၇၀၀ အား ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကျော်က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ကာ ကုသိုလ်ရှာ

ဖိုးဆွေ (သစ်လုပ်ငန်း)

လူသားအပါအဝင်ဖြစ်သော သက်ရှိသတ္တဝါတိုင်းသည် လေကိုရှူ၍ အသက်ရှင်နေကြရသည်။ ပို၍တိကျစွာဆိုရသော် အောက်ဆီဂျင် (Oxygen-O_2) ကို ရှူ၍ အသက်ရှင်နေကြရသည်။ မိနစ်အနည်းငယ်မျှ အောက်ဆီဂျင်ပြတ်သွားခဲ့သော် သေဆုံးမည်ဖြစ်သည်။ အောက်ဆီဂျင်သည် သတ္တဝါအားလုံး၏ အသက်ပင်ဖြစ်သည်။ အောက်ဆီဂျင်မရှိသောအရပ်တွင် သက်ရှိတို့မရှိနိုင်၊ မရပ်တည်နိုင်ပေ။ သက်ရှိတို့သည် အောက်ဆီဂျင်ကိုရှူသွင်းကာ ကာဗွန်ဒိုင်အောက်ဆိုက်(Carbondioxide-Co_2) ကို ထုတ်လွှတ်ကြရသည်။ ဝင်သက်တိုင်းသည် အောက်ဆီဂျင်ပါဝင်သောလေတို့ဖြစ်ပြီး ထွက်သက်တိုင်း၏အများစုသည် ကာဗွန်ဒိုင်အောက်ဆိုက်ဖြစ်သည်။

သတ္တဝါဟုစတင်ဖြစ်လာသည်မှစ၍ ယနေ့အထိ သက်ရှိအားလုံး၊ လူသားအားလုံး နေ့စဉ်ရှူသွင်းနေရသော အောက်ဆီဂျင်ကို ဘယ်ကရရှိပါသနည်း။ ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်တို့သည် အဘယ်သို့ရောက်ရှိသွားပါသနည်း။ ကမ္ဘာ၏ မည်သည့်အရပ်တွင် စုပုံနေကြပါသနည်း။ အောက်ဆီဂျင်များသည် ကုန်မသွားနိုင်ပါသလော။

အဖြေက ရိုးစင်းပါသည်။ ရိုးစင်းသည်နှင့်အမျှ သိမ်မွေ့ပါသည်။ ဆင်ခြင်ဖွယ်လည်း ဖြစ်ပါသည်။ သစ်ပင်များသည် အလင်းဟုဆိုအပ်သော နေရောင်ခြည်ကိုအသုံးပြုကာ ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို ရှူသွင်းလျက် အမြစ်ကပေးပို့သော ရေနှင့် အာဟာရတို့ကို အစာအဖြစ်ချက်လုပ်သည်။ ဤသည်ကို အလင်းဖြင့်အစာချက်ခြင်း (Photosynthesis) ဟု ခေါ်သည်။ ဤဖြစ်စဉ်တွင် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးသည်။

သတ္တဝါတို့က အောက်ဆီဂျင်ကိုရှူသွင်းကာ ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို ထုတ်လွှတ်ကြသည်။ သစ်ပင်တို့က ကာဗွန်ဒိုင်အောက်ဆိုက်ကို ရှူသွင်းကာ အောက်ဆီဂျင်ကို ထုတ်လွှတ်ကြသည်။ သစ်ပင်နှင့် သတ္တဝါတို့သည် အပြန်အလှန်အကျိုးပြုသူများဖြစ်လာရသည်။ သစ်ပင်မရှိက သတ္တဝါတို့သည် အသက်ရှင်ရပ်တည်နိုင်မည်မဟုတ်ပေ။ သို့သော် သစ်ပင်တို့ကမူ သတ္တဝါတို့မရှိသော်လည်း အသက်ရှင်ရပ်တည်နေမည်သာ ဖြစ်သည်။ လူသားတို့မရှိသော ဝေးလံခေါင်သီသောအရပ်တို့တွင် သစ်ပင်သစ်တောတို့သည် ဖွံ့ဖြိုးထူထပ်စွာ၊ အန္တရာယ်ကင်းစွာ ရှိနေကြပေသည်။ လူတို့သည် သစ်ပင်ကိုဖျက်ဆီးနိုင်ကြသော်လည်း၊ ဖျက်ဆီးခဲ့ကြသော်လည်း သစ်ပင်သည် လူကို၊ သတ္တဝါတို့ကို အန္တရာယ်ပြုသည်မဟုတ်ပေ။ အန္တရာယ်မပြုသည်သာမက အကျိုးများစွာပြုနေသည်သာ ဖြစ်သည်။

ကျွန်ုပ်တို့ နေ့စဉ်ရှူသွင်း၍ အသက်ဆက်နေရသော အောက်ဆီဂျင်ထုတ်ပေးနေမှုအတွက်ပင် သစ်ပင်တို့၏ကျေးဇူးသည် ကြီးမားလှပြီဖြစ်သည်။ ယနေ့အထိ မည်သည့်သိပ္ပံပညာရှင်မျှ သစ်ပင်ကိုတုပလျက် လေထုရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကိုအသုံးပြုကာ ကာဗွန်ကို စွမ်းအင်ဖြစ်စေပြီး အောက်ဆီဂျင်ကို ထုတ်ပေးနိုင်ခြင်းမရှိသေးပေ။

လူတို့စုဝေးနေထိုင်ရာသည် မြို့ရွာများဖြစ်သည်။ သစ်ပင်တို့စုဝေးပေါက်ရောက်ရာဒေသသည် သစ်တောများဖြစ်သည်။ သစ်ပင်သစ်တော အလုံအလောက်ရှိမှသာ အောက်ဆီဂျင် အလုံအလောက် ရရှိမည်ဖြစ်သည်။

လူသားတို့သည် ယနေ့အထိ အောက်ဆီဂျင်ကို အခမဲ့ အလုံအလောက် ရရှိနေဆဲဖြစ်သောကြောင့် အောက်ဆီဂျင်၏ တန်ဖိုးကို ကောင်းစွာ စောကြောမိကြမည်မဟုတ်ပေ။ သို့သော် တောင်အမြင့်ကိုတက်သောအခါ လေထုသည် ပါးလျားလာသည်။ အောက်ဆီဂျင် နည်းပါးလာသည်။ အောက်ဆီဂျင်မရှိသော အမြင့်သို့ ရောက်ရှိသောအခါ အောက်ဆီဂျင်ဘူးပါမသွားပါက အသက်ဆုံးရှုံးရမည်ဖြစ်သည်။ လူမမာတို့သည် အသက်ရှူရန် အခက်အခဲရှိလာသောအခါ အောက်ဆီဂျင်ဘူးဖြင့် ရှူကြရသည်။ အောက်ဆီဂျင်သည် အသက်ပင်ဖြစ်ပေသည်။ လေယာဉ်တို့သည် လေထုပါးလျားသည့် ကောင်းကင်အမြင့်သို့ ရောက်ရှိသောအခါ အောက်ဆီဂျင်ပိုက်များချပေးကာ အသက်ရှူစေရသည်။

ယနေ့ကမ္ဘာတွင် လူဦးရေက တိုး၍တိုး၍ လာနေသည်။ လူများစားသုံးရန် တိရစ္ဆာန်တို့ကိုလည်း တိုး၍ မွေးမြူကြရသည်။ သို့သော် ထိုလူများ၊ တိရစ္ဆာန်များအတွက် အောက်ဆီဂျင်ထုတ်ပေးမည့် သစ်ပင်သစ်တောတို့က တစ်နေ့ထက်တစ်နေ့ လျော့ပါးပျက်စီး ဆုတ်ယုတ်လာနေသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။ လေထုတွင် အောက်ဆီဂျင်သည် အမှန်ပင် လျော့နည်းလာလျက်ရှိသည်။ ကာဗွန်ဒိုင်အောက်ဆိုက်သည် တစ်နေ့ထက်တစ်နေ့ တိုးပွားလာလျက်ရှိသည်။ သတ္တဝါတို့အသက်ရှူရန် အောက်ဆီဂျင်လျော့နည်းလာသည်သာမက ကမ္ဘာကြီးကိုပူပြင်းလာစေသည့်၊ ကမ္ဘာ့ရာသီဥတုကို ဖောက်ပြန်လာစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်တည်းဟူသော မှန်လုံအိမ်ဓာတ်ငွေ့ကိုပါ တိုးပွားလာစေသည်ဖြစ်ရာ နှစ်ထပ်ပြန်ဆိုးကျိုးကို ရရှိစေပေသည်။ သစ်ပင်သစ်တောများ တိုးများလာရေးသည် ယနေ့နိုင်ငံတော်အတွက်၊ ယနေ့ကမ္ဘာအတွက် အရေးကြီးသော အမှန်လိုအပ်ချက်ပင်ဖြစ်သည်။

လွန်ခဲ့သောနှစ် တစ်ရာ၊ နှစ်ရာက လူသားတို့သည် သစ်တောသစ်ပင်တို့အလယ်တွင် အသက်ရှင်နေနိုင်ရန် ကျားကုတ်ကျားခဲကြိုးစားခဲ့ရသည်။ ယနေ့အချိန်တွင် လူသားတို့အလယ်တွင် သစ်ပင်သစ်တောတို့သည် ရှင်သန်ကျန်ရစ်နိုင်ရန် ကျားကုတ်ကျားခဲ ကြိုးစားနေရသည်။ သစ်ပင်သစ်တောတို့မရှိတော့သောအခါတွင် လူသားအပါအဝင် သတ္တဝါအပေါင်းတို့သည် မည်သို့မျှ ရှင်သန်ကျန်ရစ်နိုင်ဖွယ်မရှိပါချေ။ သစ်ပင်သစ်တောတို့ ဆိတ်သုဉ်းသောနေ့သည် သတ္တဝါအားလုံးပျက်သုဉ်းသောနေ့ပင် ဖြစ်ပေမည်။ သို့ပါလျက် လူသားတို့သည် မိမိအသက်၊ မိမိဘဝဖြစ်သော သစ်ပင်သစ်တောတို့အပေါ် အလေးထားမှု၊ ဂရုပြုမှု၊ စိတ်ဝင်စားမှု နည်းလွန်းနေဆဲ၊ ထိန်းသိမ်းစောင့်ရှောက်မှု နည်းလွန်းနေဆဲပင် ဖြစ်ပါသည်။

ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်ဟု ဆိုကြသည်။ လေဟုဆိုအပ်သော အောက်ဆီဂျင်၏အသက်သည် မိနစ်အနည်းငယ်မျှသာ ရှိပေသည်။ ရေလှူရခြင်း၏အကျိုးသည် (၁၀)ပါးရှိသည်။ အသက်ဟုဆိုအပ်သော အောက်ဆီဂျင်ကိုရရှိစေသည့် သစ်ပင်စိုက်ပျိုးရသော၊ သစ်ပင်သစ်တောများကို ပြုစုစိုက်ပျိုးစောင့်ရှောက်ရသော အကျိုးသည် ရေလှူရခြင်းကုသိုလ်ထက်များစွာပိုမိုသော ကုသိုလ်အကျိုးကို ပေးနိုင်ပေသည်။

သစ်ပင်သစ်တောများကို ထူထောင်စိုက်ပျိုးခြင်းသည် မိုးကို မှန်မှန်ရွာသွန်းစေခြင်း၊ ရွာကျလာသော မိုးရေကို ထိန်းသိမ်းထားနိုင်ခြင်း၊ မြေအောက်ရေလွှာကို ရေစိမ့်ဝင်ဖြည့်တင်းပေးနိုင်ခြင်း၊ စိမ့်ရေစမ်းရေများဖြစ်ပေါ်စေခြင်းစသည်ဖြင့် ရေသယံဇာတကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးသည်ဖြစ်ရာ ရေကိုလှူခြင်းဟုလည်း ဆိုနိုင်ပေသည်။ ရေလှူရသည့် ကုသိုလ်အကျိုးကိုလည်း ပေးမည်သာဖြစ်ပေသည်။

သစ်ပင်သစ်တောများသည် ဆူနာမီ၊ မုန်တိုင်း စသော သဘာဝဘေးအန္တရာယ်များ၊ ရေကြီးခြင်း၊ မြေပြိုခြင်းစသည်များကိုလည်း ကာကွယ်ပေးနိုင်ပေရာ သတ္တဝါတို့ကို ဘေးအန္တရာယ်တို့မှ ကာကွယ်ပေးခြင်းလည်း မည်ပေသည်။ သတ္တဝါတို့ကို ဘေးဒုက္ခတို့မှကယ်တင်ခြင်းသည် သူတော်ကောင်းတို့၏ ပါရမီမြောက်သောလုပ်ရပ်ဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်တို့ ကြိုးပမ်းဖြည့်ကျင့်သင့်သော ပါရမီတစ်ပါးပင် ဖြစ်ပါသည်။

သစ်ပင်သစ်တောများသည် လူသားတို့အတွက် အမျိုးမျိုးသော စားသောက်ဖွယ်၊ သုံးဆောင်ဖွယ်ဖြစ်သော အညွန့်၊ အရွက်၊ အပွင့်၊ အသီး၊ ဥ၊ အခေါက်၊ အမြစ်တို့ကိုပေးသည်။ အစာဆေးဝါး၊ အသုံးအဆောင်ပစ္စည်းတို့ကို ရရှိစေသည်။ သစ်တောကိုအမှီပြု၍ ပေါက်ဖွားတိုးပွားလာသောပျား၊ ပိတုန်း၊ လိပ်ပြာတို့သည် ဥယျာဉ်ခြံ၊ လယ်ယာတို့ရှိအပင်များကို ဝတ်မှုန်ကူးပေးကာ အပွင့်တို့ကိုပွင့်စေသည်။ အသီးတို့ကိုသီးစေသည်။ မျိုးကိုအောင်စေသည်။ ကောက်နှံတို့ကို ဖွံ့ဖြိုးစေသည်။ သစ်ပင်သစ်တောတို့ကို စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ခြင်းသည် သတ္တဝါအပေါင်းအား အစာရိက္ခာပေါများစေခြင်း၊ ဆေးဝါးနှင့်အသုံးအဆောင်ရရှိစေခြင်းလည်း မည်ပေသည်။ သတ္တဝါများကို စားနပ်ရိက္ခာ ပြည့်စုံစေသောအမှုသည် ကြီးမားသော၊ စွမ်းအားကောင်းသော ကုသိုလ်ပင်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် တစ်ယောက်တစ်ပင်စိုက်၊ တစ်ရွာတစ်တော ထူထောင်ခြင်းဖြင့် နိုင်ငံတော်သည် တစ်နှစ်ထက်တစ်နှစ် သစ်ပင်သစ်တောများဖြင့် စိမ်းလန်းဝေဆာ သာယာလာမည်ဖြစ်သည်။ လေမိုးမှန်ကန်ကာ ရာသီဥတု သာယာလာမည်ဖြစ်သည်။ ကောက်နှံစပါးတို့ ကောင်းစွာထွက်ရှိကာ စားနပ်ရိက္ခာ ပေါများကြွယ်ဝလာမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိအကျိုး၊ ရပ်ရွာအကျိုး၊ တိုင်းပြည်အကျိုးသာမက လူသားအားလုံး၏အကျိုး၊ မြေကမ္ဘာ၏ အကျိုးကိုဆောင်သော၊ မွန်မြတ်သော၊ ဒါနပါရမီမြောက်သော လုပ်ငန်းဖြစ်ပါ၍ ပြည်သူအားလုံးက သစ်ပင်စိုက်ကာ ကုသိုလ်ပါရမီဖြည့်ဆည်းသင့်ပါကြောင်း. . . ။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၂၅ ၄။ မျိုးချစ်တပ်မတော်
၇:၃၀ ၅။ မြန်မာ့ရှုခင်း
၇:၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၂။ အဖွင့်သီချင်း
၁၁:၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် -ဘော့စ်ဘောကြယ်ပွင့်များ (အပိုင်း-၂၃)
၁၂:၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -မိန်းမလှကဗျာ (ထွန်းထွန်း၊အိန္ဒြာကျော်ဇင်၊ သဇင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)]**
၁:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၂:၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၈၆) (ဇာတ်သိမ်း)**

ညပိုင်း

၄:၀၃ ၁။ နိုင်ငံတော်သီချင်း
၄:၀၆ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၅၀ ၇။ လျှပ်တစ်ပြက်
၅:၁၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၂။ လျှပ်တစ်ပြက်
၆:၂၀ ၁၃။ စားဖိုဆောင်ချစ်သူ
၆:၄၀ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၃၂)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အင်္ဂလိပ်စာသုတ
၂၁။ လူ့ရှင်တော်စတား
၂၂။ ယနေ့နေပြည်တော်မြင်ကွင်းစုံ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၁)**
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၆၆)**

အ မြို့ မြို့ အ နယ် နယ် သာ ယာ စည် ပင်

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝက်ထီးကန်-တည်ကြီးကုန်းကျေးရွာချင်းဆက်လမ်း ဘေး ဝဲ၊ ယာတွင် ရတနာတန်းဝင် ကျွန်းပင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ကျေးရွာပြည်သူများ ဇူလိုင် ၁၇ ရက်က စုပေါင်းစိုက်ပျိုးကြရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး အားပေးကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်မှ အမှတ်(၅) ရပ်ကွက် ရုပ်ရှင်ရုံလမ်း သံကူကွန်ကရစ်တံတားတည်ဆောက်မှုလုပ်ငန်းကို ဇွန် ၂၈ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးသူတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဈေးအတွင်း အသားရောင်းဆိုင်များ သန့်ရှင်းစွာရောင်းချမှု၊ အများသုံးဈေးအိမ်သာများ ပြင်ဆင်ထားရှိမှုနှင့် ဈေးလုပ်ငန်းများ စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို အင်ဂျင်နီယာမှူး ဦးသန်းထိုက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရွှေကျွန်းတောကျေးရွာ တစ်လက်မခွဲ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းကို အဖွဲ့အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန္ဒာအေးနှင့်အဖွဲ့ ကွင်းဆင်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆေးဘက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၂

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆေးကောင်စီနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းများမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန် အစည်းအဝေးခန်းမ၌ ကျင်းပရာ တွေ့ဆုံပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာဆိုင်ရာ နှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်၊ မြန်မာနိုင်ငံဆေးကောင်စီအဖွဲ့ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆေးကောင်စီနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့သည် မြန်မာနိုင်ငံပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေရသည့် အဖွဲ့အစည်းများ ဖြစ်ကြောင်း၊ ဆေးပညာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ အတွေ့အကြုံများနှင့် ပေါင်းစပ်ဖြည့်ဆည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်နေရပါကြောင်း၊ အသင်းအဖွဲ့ဝင်များအနေဖြင့် ဆေးပညာလောကကို ဦးဆောင်၍ နိုင်ငံတကာ အဆင့်မီဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူပုဂ္ဂိုလ်များလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ကောင်းမွန်မှန်ကန်သော အကြံဉာဏ်များဖြင့် ကူညီပံ့ပိုးနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး အချင်းချင်းခင်မင်မှု၊ ယုံကြည်မှု၊ နားလည်မှု၊ ခွင့်လွှတ်မှုများဖြင့် တစ်ဦးကိုတစ်ဦး လေးစားယုံကြည်အားကိုး၍ ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် ပါဝင်ပူးပေါင်း ကူညီပံ့ပိုးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပါမောက္ခ ဒေါက်တာမျိုးမြင့်က မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က အဖွဲ့အသင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ဖြည့်ဆည်းဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ပါမောက္ခ(အငြိမ်းစား) ဆရာဝန်ကြီးများက ရှင်းလင်းတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဖြည့်ဆည်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေး ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၂၂

ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် ပညာသင်ထောက်ပံ့ကြေး ဆုရွေးချယ်ရေးကော်မတီက(၂၀၁၀-၂၀၁၁)ပညာသင်နှစ်အတွင်း ပထမနှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအနက် ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ထောက်ပံ့ကြေး ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာထားသည်။

ဆေးတက္ကသိုလ်များ၌ တက်ရောက်နေကြသူများမှ ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ မောင်ကြည်စိုး (ဘ)ဦးမျိုးအောင်၊ ရန်ကုန်ဆေးတက္ကသိုလ်(၂)မှ မသဥ္ဇာမွန်အောင် (ဘ)ဦးဌေးအောင်၊ မဆုသဥ္ဇာအောင် (ဘ)ဦးထွန်းထွန်းဝင်း၊ မောင်ညီညီငြိမ်းချမ်း (ဘ)ဦးတင်ဝင်းနှင့် မပွင့်ရည်ဝင်း (ဘ)ဦးတင်ထွန်း၊ မန္တလေး ဆေးတက္ကသိုလ်မှ မနန်းနွယ်ဦး (ဘ)ဦးလှထွန်းနှင့် မောင်ဝင်းစောဦး(ဘ)ဦးသန်းကျော်ဦး၊ မကွေးဆေးတက္ကသိုလ်မှ မောင်ဇေယျာထွန်း(ဘ) ဦးခင်မောင်တင့်၊ မောင်ဟိန်းမင်းထက် (ဘ)ဦးမင်းဇော်၊ မရွှေရည်မိုးမြင့်မြတ်(ဘ) ဦးမြမောင်၊ မစုစုအောင်(ဘ)ဦးဝင်းထွန်းဦး၊ မဝင်းယုမွန်(ဘ) ဦးသန်းဝင်းနှင့် မောင်စိန်မြအောင်(ဘ)ဦးကျော်ထွန်းမြ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ မခင်ဟေမန်ဦး(ဘ)ဦးမြင့်ဦး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)မှ မစုမော်မြင့်(ဘ)ဦးမြင့်မောင်တို့အား ငွေကျပ် ၅၀၀၀၀ စီ၊ အစိုးရနည်းပညာတက္ကသိုလ်/ကောလိပ်များ၌ တက်ရောက်နေကြသူများမှ နည်းပညာတက္ကသိုလ် (လှိုင်သာယာ)မှ မဇွန်အောင်(ဘ)ဦးတင့်နိုင်၊ နည်းပညာတက္ကသိုလ် (သန်လျင်)မှ မောင်ဖြိုးပြည့်စုံဝင်း (ဘ)ဦးငွေဝင်း၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ မခင်နီလာဝင်း (ဘ)ဦးမင်းသူအောင်၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)မှ မရွှေဇင်အိ (ဘ)ဦးဆားဗီးယို၊ နည်းပညာကောလိပ် (လားရှိုး)မှ မခိုင်ခိုင်ဝင်း(ဘ)ဦးဖိုးနီ၊ စီးပွားရေးတက္ကသိုလ်များ၌ တက်ရောက်နေကြသူများမှ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မချိုချိုသန္တာဦး (ဘ)ဦးသန်းအုန်း၊ မောင်အောင်သက်(ဘ)ဦးစိုးမြင့်နှင့် မဟေမာမြင့်ဇော် (ဘ)ဦးမြင့်ဇော်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ မောင်ကျော်နိုင်မြင့် (ဘ)ဦးသောင်းဝင်း၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ မောင်ကျော်သူစိုး (ဘ)ဦးစံသိန်း၊ ပညာရေးတက္ကသိုလ်များ၌ တက်ရောက်နေကြသူများမှ ရန်ကုန်ပညာရေးတက္ကသိုလ်မှ မခင်ဆန်း (ဘ)ဦးမောင်ဦးစိန်၊ မယဉ်နွယ်ထွန်း (ဘ)ဦးသန်းအောင်နှင့် မဇေရီဖြိုးဖြိုး(ဘ)ဦးမြို့စံ၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ မစောနန်းအေး (ဘ)ဦးမြသောင်းနှင့် မောင်သိန်းအောင်ဝင်း (ဘ)ဦးစန်းမောင်တို့အား ငွေကျပ် ၄၀၀၀၀ စီ၊ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်သင်တက္ကသိုလ်များ၌ တက်ရောက်နေကြသူများမှ ဒဂုံတက္ကသိုလ်မှ မသက်ဆုမွန်ဦး(ဘ)ဦးဌေးဆန်းဦး၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မောင်ထွန်းလင်း (ဘ)ဦးစိန်မြတ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ မစုသက်ခိုင် (ဘ)ဦးမြင့်လွင်၊ ဘားအံတက္ကသိုလ်မှ မနန်းငြိမ်းငြိမ်းစိုး (ဘ)ဦးစောစိုးဝင်း၊ ပခုက္ကူတက္ကသိုလ်မှ မစန္ဒာမိုးဦး (ဘ)ဦးမောင်မောင်ဦး၊ ကလေးတက္ကသိုလ်မှ မအေးသန္တာလှိုင် (ဘ)ဦးဌေးလှိုင်၊ ပဲခူးတက္ကသိုလ်မှ မောင်ကျော်ဇင်အောင် (ဘ)ဦးသန်းဆွေနှင့် မဝင်းစုစုလှိုင် (ဘ)ဦးပေါမြင့်၊ ရေနံချောင်းဒီဂရီကောလိပ်မှ မောင်အောင်လှိုင်ဌေး (ဘ)ဦးစန်းမောင်နှင့် မအေးအေးမြင့် (ဘ)ဦးဌေးဝင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ တက်ရောက်နေကြသူများမှ မောင်ရဲနိုင်စိုး (ဘ)ဦးကျော်ဝေ၊ မစုလှိုင်တင့် (ဘ)ဦးခင်မောင်ညို၊ မောင်ရဲထက်လှိုင် (ဘ)ဦးသန်းအောင်၊ မဂျက်ဂျက်အောင် (ဘ)ဦးသိန်းထွန်းနှင့် မောင်ရဲထက်ကျော် (ဘ)ဦးကျော်ဝင်းတင်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ တက်ရောက်နေကြသူများမှ မအေးချမ်းဝင်း (ဘ)ဦးသိန်းဝင်း၊ မောင်ကျော်စိုးသူ (ဘ)ဦးတင်မောင်နှင့် မနီလာအောင် (ဘ)ဦးအောင်တင်ဝင်း တို့အား ငွေကျပ် ၃၀၀၀၀ စီ လစဉ်ထောက်ပံ့သွားမည်ဖြစ်ပြီး ပထမနှစ်မှ ဘွဲ့ရသည်အထိ ပညာသင်ထောက်ပံ့ကြေးဆု ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အထက်ပါ ပညာသင်ထောက်ပံ့ကြေးဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်ထောက်ပံ့ကြေးဆုထုတ်ယူနိုင်ရန် သက်ဆိုင်ရာတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်(သို့မဟုတ်) မော်ကွန်းထိန်း၏ ထောက်ခံချက်မူရင်းဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်(ရုံးချုပ်)အမှတ်(၁၆၅/၁၆၇) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၂၄၂ နှင့် ၃၈၀၂၄၅ တို့သို့ အမြန်ဆုံးဆက်သွယ်ရန်နှင့် ရန်ကုန်၊ မှော်ဘီ၊ လှိုင်သာယာနှင့် ဒဂုံမြို့နယ်များရှိ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများသည် ပါမောက္ခချုပ် (သို့မဟုတ်) မော်ကွန်းထိန်းထောက်ခံချက်နှင့် ကျောင်းသားကတ်မူရင်းတို့ဖြင့် လူကိုယ်တိုင်လာရောက်ဆက်သွယ်ရန်ဖြစ်သည်။

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

မြိုင်မြို့၌ ယဉ်နုံ့သာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

နေပြည်တော် ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မြို့သာအုပ်စု ကွဲပုတ်ကျေးရွာ ယဉ်နုံ့သာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ အဆောက်အအုံအလှူရှင် ရန်ကုန်မြို့နေ ဦးအောင်ငြိမ်း-ဒေါ်ဌေးယဉ် (အထက်တန်းပြဆရာ/ဆရာမကြီး-ငြိမ်း)တို့ကိုယ်စား ညီမဖြစ်သူ ဆရာမကြီး ဒေါ်ဌေးကြည် (မြန်မာစာပါမောက္ခ-ငြိမ်း)၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းရွှေတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ထို့နောက် ဆရာမကြီး ဒေါ်ဌေးကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတတိုးပွားကြောင်း ရှင်းလင်းပြောကြားကာ စာပေဝါသနာရှင်တို့က စာပေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အဆောက်အအုံဆောက်လုပ်မှုမှတ်တမ်းများ၊ ပရိဘောဂများ၊ ဝတ္ထု ၂၄၂ အုပ်၊ သုတရသအုပ်ရေ ၁၆၀၊ မဂ္ဂဇင်းအုပ်ရေ ၆၅၀၊ စာစောင် ၅၀၀ နှင့် အလှူငွေကျပ် ၄၆၁၀၀၀ တို့ကို လှူဒါန်းကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဌေးမြင့်က လက်ခံသည်။

အဆိုပါ အဆောက်အအုံသစ်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေနှင့် အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းဖြစ်၍ တန်ဖိုးငွေကျပ် ၂၅ သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ (သတင်းစဉ်)

ဉာဏ်မျက်စိစာကြည့်တိုက်သို့ ငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်း

ကော့မှူး ဇူလိုင် ၂၂

ကော့မှူးမြို့နယ်တွင် ဒေသခံပြည်သူများ စာပေဗဟုသုတ တိုးပွားရေး၊ အသိဉာဏ်အတွေးအခေါ်များ မြင့်မားရေးအတွက် ကော့မှူးမြို့နယ် တောင်ချောင်ရွာ ဉာဏ်မျက်စိစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ကြက်ခြေနီအသင်းက ငွေကျပ် ခုနစ်သိန်းခုနစ်သောင်း၊ အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက စာအုပ်၊ စာစောင် ၁၅၀၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်လှမောင်က စာအုပ်၊ စာစောင် ၅၀၊ ညောင်ကုက္ကိုင်း တောရကျောင်းဆရာတော် ဦးသာရိဘက စာအုပ်၊ စာစောင် ၁၃၅၈ အုပ်နှင့် ကျောင်းအုပ်ဆရာကြီးက စာအုပ် ၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာကြည့်တိုက်ပညာ သင်တန်းသား၊ သင်တန်းသူများ ဝဲကြီးကျေးရွာစာကြည့်တိုက် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူ

နေပြည်တော် ဇူလိုင် ၂၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံစာကြည့်တိုက်ပညာသင်တန်း (၁/၂၀၁၁)မှ သင်တန်းသား၊ သင်တန်းသူ ကိုးဦးအား လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီးဦးဆောင်၍ လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာအုပ်စု ဝဲကြီးကျေးရွာရှိ ပညာရွှေတောင်စာကြည့်တိုက်သို့ နှစ်ရက်ကြာ လေ့လာရေးသွားရောက်ခဲ့သည်။ သင်တန်းသား၊ သင်တန်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီများနှင့် ရပ်မိရပ်ဖများ ပူးပေါင်း၍ ဝဲကြီးကျေးရွာ ပညာရွှေတောင်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ လှူဒါန်းသော သုတ/ရသ စာအုပ်၊ စာစောင်များ၊ သင်တန်းသား၊ သင်တန်းသူများမှ လှူဒါန်းသော သုတ/ရသ စာအုပ်၊ စာစောင်များနှင့် ကျေးရွာမှထည့်ဝင်ငွေ ၁၇၀၀၅၅ ကျပ်အား သင်တန်းသား၊ သင်တန်းသူများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၂၂

ချင်းတွင်းမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၉၆၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ရန်ကြီးအောင်လမ်းနေ ဦးစိန်ဝင်း- ဒေါ်ချိုချို မိသားစုနှင့် မြေး မောင်ဟိန်းထူးအောင်၊ မရတနာမင်း မိသားစုက ထာဝရအထွေထွေပဒေသာပင် ငွေကျပ် ၁၁၂၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။(ကြေးမုံ)

စဉ့်ကူးမြို့၌ ပေါင်စနစ်ဖြင့် ပျိုးထောင်မှု သရုပ်ပြ

စဉ့်ကူး ဇူလိုင် ၂၂

စဉ့်ကူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မိုးစပါးတစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိရေး၊ စပါးမျိုးစေ့ အလေအလွင့် နည်းပါးစေရန်နှင့် ပျိုးပင်ကြီးထွားမှုအားကောင်းစေရန် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်မှု သရုပ်ပြပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီက စဉ့်ကူးမြို့နယ် လက်ပန်လှ ကျေးရွာအုပ်စု ရုံးပင်ကုန်းကျေးရွာ လယ်သမားဦးထွန်းလွင်၏ လယ်မြေ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူ၊ မြို့နယ် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနီဝင်းနိုင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်ကျော်ညွန့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံလယ်သမားများ ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများနှင့်အဖွဲ့က ပေါင်ဖော်မျိုးစေ့ချ၊ စက်ဖွဲပြာဖုံးပုံများကို လက်တွေ့ရှင်းလင်းသရုပ်ပြသကြကြောင်း သိရသည်။

(၆၂၉)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ အကြိမ်(၁၃၀)မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ အကြိမ်(၁၃၀)မြောက် အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ အကြိမ်(၁၃၀)မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ထိရောက်ထက်မြက်သည့် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများ ချမှတ်အကောင်အထည်ဖော် လျက်ရှိရာ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အသုံးစရိတ်များ၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိစေရန်၊ ခေတ်နှင့်လျော်ညီသည့် အခွန်စီမံခန့်ခွဲရေးစနစ်တစ်ရပ် စတင်နိုင်ရန် စီမံလျက်ရှိကြောင်း၊ ငွေကြေးမူဝါဒများ ချမှတ်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော ကျပ်ငွေ၏ ပြည်တွင်းပြည်ပ တန်ဖိုး တည်ငြိမ်စေရေး၊ ငွေကြေးအရင်းအနှီး လုံလောက်စွာ ရရှိစေရေး၊ ပြည်တွင်း ပြည်ပ ပေးချေမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ တည်ငြိမ်စွာ တိုးတက်စေရေးတို့ကို ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

ဘဏ်တိုးနှုန်းကို သတ်မှတ်ရာတွင်လည်း နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များနှင့် လက်ရှိအခြေအနေ၊ ငွေကြေးပမာဏ၊ ပြည်တွင်းကုန်ဈေးနှုန်း၊ ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု စသည်ဖြင့် ဘက်ပေါင်းစုံက စဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်က ဦးဆောင်ဦးရွက်ပြုနေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အလားတူ နိုင်ငံ၏ ပြည်ပစီးပွားရေးဆက်ဆံဆောင်ရွက်မှုများ ပိုမိုအဆင်ပြေစေရန် နိုင်ငံအတွင်း နိုင်ငံခြားငွေကြေးဈေးကွက်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း ဦးစားပေး စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံခြားငွေကြေးများ လဲလှယ်ရောင်းဝယ်ရာတွင် မိမိနိုင်ငံအတွက် အကျိုးရှိပြီး တည်ငြိမ်သည့် ငွေလဲလှယ်နှုန်း သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ငွေပေးချေမှုစနစ် ခေတ်မီတိုးတက်စေရေး အတွက်လည်း ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံဘဏ်များအသင်း Payment System Development Committee က ကြီးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အများပြည်သူ၏ အပ်နှံငွေများကို စုဆောင်းမှုနယ်ပယ်မှ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်သို့ ရွှေ့ပြောင်းပေးနေရသည့် လုပ်ငန်းများဖြစ်သည့်အတွက် ပြည်သူများ၏ အပ်ငွေများ တည်ငြိမ်ခိုင်မာပြီး လုံခြုံစိတ်ချရသော ဘဏ်လုပ်ငန်းကဏ္ဍကို အကောင်အထည် ဖော်ကြရန်ဖြစ်ကြောင်း။

ငွေကြေးစီမံခန့်ခွဲခြင်း၊ စာရင်းဇယားရေးဆွဲပြုစုခြင်းစသည်တို့နှင့် သက်ဆိုင်သည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ငွေရေးကြေးရေးကဏ္ဍ၏ အဓိကဦးတည်ချက်ဖြစ်သော တည်ငြိမ်စွာဖြင့် ပေးချေမှုလွယ်ကူချောမွေ့ရေး၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်ရေး၊ ထိုမှတစ်ဆင့် ပြည်သူတစ်ရပ်လုံး၏ အလုပ်အကိုင် ဝင်ငွေအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်တစ်ခုလုံး ခေတ်မီဖွံ့ဖြိုးစေရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းက နိုင်ငံတော်တစ်ခုလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဘဏ်များအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက Myanmar Payment Union Card ကိစ္စနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က Online မှ ဖုန်းပြောဆိုခငွေကောက်ခံမည့် အစီအစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများက ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်စကား ပြောကြားရာတွင် ပြည်သူများ မျှော်လင့်တောင့်တနေသည့် နိုင်ငံတကာနည်းတူ ခေတ်မီတိုးတက်သော ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးစနစ် ဖြစ်ပေါ်ရေးကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ကြိုးစားအကောင်အထည်ဖော်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် စဉ်ဆက်မပြတ်တိုးတက်မှုကိုရှေးရှုပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၁ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုဟာမက် အယ်အာဘိုင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်များ ဖြန့်ချိ

နေပြည်တော် ဇူလိုင် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၀ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ မျိုးသူရိယရေးသားသည့် "ရွာရန်ရာနှုန်း လေးဆယ်သာနှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ရွာရန်ရာနှုန်းလေးဆယ်သာ၊ ကောင်းကင်ကမ္ဘည်း၊ ညှော့ဟောင်းနှင့်ညှော့သစ်၊ အမေစားရသောပီတိများစသည့် ဝတ္ထုတိုပေါင်း ၁၁ ပုဒ်ဖြင့် ရေးဖွဲ့တင်ပြထားသည်။

ယင်းစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅)သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့နယ်အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၂

ငါးသိုင်းချောင်းအသင်း (ရန်ကုန်)၏ စုပေါင်းအလှူပွဲကို ဇူလိုင် ၃၀ ရက် (ဝါဆိုလကွယ်နေ့) နံနက် ၉ နာရီတွင် ဦးဘိုမောင်ကျောင်းတိုက် ဗားကရာလမ်း ကိုးထပ်ကြီးဘုရားအနီး၌ ကျင်းပမည်ဖြစ်ရာအသင်းသားများ၊ ငါးသိုင်းချောင်းနယ်သူ၊ နယ်သားများနှင့် အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ကြောင်းနှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးအောင်ကြည် ဖုန်း-၃၈၁၉၄၇၊ ဦးစိုးမြင့် ဖုန်း-၅၄၃၂၈၅၊ ဦးမျိုးမြင့် ဖုန်း-၅၁၈၃၂၇၊ ဦးသောင်းထွန်း ဖုန်း-၇၀၅၀၅၆ နှင့် ဦးလှဝင်းအောင် ဖုန်း-၀၉-၇၃၁၀၀၁၃၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်(စနေထောင့်) ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (ရန်ကုန်)၏ (၁၅)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ မောင်ပြည့်ဦးဇံအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

နိုင်ငံတကာအနုပညာရပ်ဝန်း

စကားလက်ဂျိုဟန်ဆန်၏ နောက်ထပ် ချစ်ဇာတ်လမ်းတစ်ပုဒ်

နာမည်ကျော်ဟောလိဝုဒ်မင်းသမီးချော စကားလက်ဂျိုဟန်ဆန်သည် The Hangover ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသားဂျက်စတင်ဘာသာနှင့် တွဲလျက်ရှိကြောင်း၊ ၎င်းတို့နှစ်ဦးကို ပြီးခဲ့သည့် စနေနေ့က နယူးယောက်မြို့တွင် အတူယှဉ်တွဲလျက် တွေ့ခဲ့ရကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

စကားလက်သည် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလက ရိုင်ယန်ရေနိုးလ်နှင့် ကွာရှင်းပြတ်စဲခဲ့သူဖြစ်ပြီး လွန်ခဲ့သည့် ဇူလိုင် ၁၆ ရက် (စနေနေ့)က နယူးယောက်မြို့တွင် ပြုလုပ်သည့် ဂျက်စတင်၏ All New People အမည်ရှိပြဇာတ်သို့ လာရောက်အားပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

မျက်မြင်တွေ့ရှိသူတစ်ဦးက နယူးယောက်ပို့စ်သတင်းစာသို့ ပြောကြားရာတွင် စကားလက်နှင့် ဂျက်စတင်တို့သည် နယူးယောက်မြို့ စားသောက်ဆိုင်တစ်ဆိုင်တွင် အတူထိုင်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြည်နူးနေကြသည်ဟုဆိုသည်။

ဂျက်စတင်သည် ဒီဇိုင်နာ အက်ရှ်လေအိုဆန်အမည်ရှိ အမျိုးသမီးနှင့် နှစ်နှစ်ကြာလက်တွဲခဲ့ပြီး လွန်ခဲ့သည့် မတ်လက လမ်းခွဲခဲ့သူဖြစ်သကဲ့သို့ စကားလက်သည်လည်း ရေနိုးလ်နှင့် ကွာရှင်းပြီးနောက် မင်းသား ရှောင်ပင်းနှင့် သုံးလကြာချစ်ဇာတ်လမ်းကို မကြာသေးမီကမှ အဆုံးသတ်ခဲ့သူဖြစ်သည်။

အင်တာနက်။

The Silver Linings Playbook ဇာတ်ကားတွင် ဂျနီဖာလောရင့် သရုပ်ဆောင်မည်

ဟောလိဝုဒ် မင်းသမီးချော ဂျနီဖာလောရင့်**(ယာပုံ)**သည် စာရေးဆရာ မတ်သရူး၏ The Silver linings playbooks ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ဖန်တီးရာတွင် မင်းသားမက်ဝါးလ်ဘက်ဂ်နှင့်အတူ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။



ဟောလိဝုဒ်မင်းသမီးချော စကားလက်ဂျိုဟန်ဆန်။

၎င်းဇာတ်ကားသည် စိတ်ရောဂါကုဆေးရုံတွင် နှစ်ပေါင်းများစွာ ဆေးကုသမှုခံယူပြီးနောက် ဆေးရုံမှဆင်းလာသော်လည်း စိတ်ကျဝေဒနာကို ဆက်လက်ခံစားနေရသူ ပတ် အမည်ရှိ အမျိုးသားတစ်ဦးအကြောင်း ရိုက်ကူးထားခြင်းဖြစ်သည်။ ပတ်အဖြစ် မင်းသား မက်ဝါးလ်ဘက်ဂ်က သရုပ်ဆောင်မည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ဂျနီဖာက ချောမောလှပပြီး ဆွဲဆောင်မှုရှိသော တစ်ခုလပ် အမျိုးသမီး တစ်ဖနီအဖြစ် သရုပ်ဆောင်သွားမည်ဖြစ်ပြီး တစ်ဖနီနှင့် ပတ်တို့၏ ပတ်သက်ဆက်နွယ်မှုကို ရိုက်ကူးတင်ပြသွားမည်ဖြစ်သည်။

မင်းသမီးဂျနီဖာသည် ၎င်းဇာတ်ရုပ်

နေရာအတွက် အခြားနာမည်ကျော်မင်းသမီးများဖြစ်သည့် အယ်လီဇဘတ်ဘန့်စ်၊ ခရစ္စတန်ဒန့်၊ ဘလိတ်ခ်လိုက်ဗလီ၊ ရှန်နေးမာယာ၊ ရက်ချယ်လ်မက်အဒမ်၊ အင်ဒီရာ ရိုက်စ်ဘိုရေ့နှင့် အိုလီဘာဝဲလ်ဒ်တို့ကို ကျော်လွန်၍ ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

အင်တာနက်။

အောဝမ်းစိုး

မြန်မာနိုင်ငံလူဦးရေ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ် မသန်စွမ်းသူများ၏ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ယမန်နေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်း ဧရာဝတီတိုင်းဒေသကြီးရုံး၏ နှစ်နှစ်ပြည့်နှင့် မသန်စွမ်းအထောက်အကူပြုပစ္စည်း၊ ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း သံစဉ်ပန်း မသန်စွမ်း အနုပညာလှုပ်ရှားမှုအဖွဲ့က ကိုယ်အင်္ဂါမသန်စွမ်းသူများ သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာန၏ ထုတ်ပြန်မှုအရ မြန်မာနိုင်ငံလူဦးရေ၏ ၂ ဒသမ ၃ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်းရှိ မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အလုပ်အကိုင်ရရှိရေးတို့အတွက် ရပ်ရွာနှင့် ပူးပေါင်းကာ ဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်း၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း သက်ဆိုင်ရာအစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဦးမြတ်ဦးက အသင်း၏ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာနှင့် အခြားပစ္စည်းများကိုလည်းကောင်း၊ မသန်စွမ်းသူများအတွက် ပညာသင်စရိတ်ထောက်ပံ့ကြေး ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ရာ မသန်စွမ်းကလေးငယ်များက လက်ခံကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းကိုကိုက ငွေကျပ် ၁၄ သိန်း တန်ဖိုးရှိ မသန်စွမ်းသုံးအထောက်အကူပြုပစ္စည်းများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသင်းရုံးများ၌ အသုံးပြုရန်အတွက် CDMA တယ်လီဖုန်း လေးလုံးတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ထို့နောက် ရန်ကုန်(ရုံးချုပ်) အလုပ်အမှုဆောင် ဦးကျော်လင်းနိုင်က ဖျာပုံမြို့နေ ဦးမောင်နိုင်အား စက်ဘီးတစ်စီးပေးအပ်လှူဒါန်းပြီး အလှူရှင်များက မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဧရာဝတီတိုင်းဒေသကြီးအသင်းရုံးသို့ စုပေါင်းလှူဒါန်းသော အလှူငွေကျပ် ၃၈၂၀၀၀၀ ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်သိန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းတို့က လက်ခံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကွန်ပျူတာ (Level -2)သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ E-Government လုပ်ငန်း အထောက်အကူပြု ကွန်ပျူတာ (Level -2) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးရှိအစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဝန်ထမ်းများ ကွန်ပျူတာကို ကောင်းစွာအသုံးပြုနိုင်ရေး၊ ကွန်ပျူတာကျွမ်းကျင်သူ ပညာရှင်များမွေးထုတ်နိုင်ရေး၊ ရုံးလုပ်ငန်းများ ပိုမိုချောမွေ့သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ ကွန်ပျူတာ Control System များနှင့် လုပ်ငန်းများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးတို့ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံပြီး မိမိဌာနတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ E-Government လုပ်ငန်း အထောက်အကူပြု ကွန်ပျူတာ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ စီမံကိန်းလုပ်ငန်းများနှင့် ဓာတ်အားပေးစက်ရုံများမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် E-Government လုပ်ငန်းအထောက်အကူပြုကွန်ပျူတာ(Level-2) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၂၂

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာအနှံ့အပြားမိုးရွာ	၈၀%
၂	ကယားပြည်နယ်	၂၆	၂၀	နေရာစိပ်စိပ်မိုးရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၆	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍ မိုးကြီးနိုင်	၈၀%
၄	ချင်းပြည်နယ်	၂၂	၁၄	နေရာစိပ်စိပ်မိုးရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၂	နေရာအနှံ့အပြားမိုးရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၄	၂၇	နေရာကျဲကျဲမိုးရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၃	နေရာအနှံ့အပြား မိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၀	နေရာအနှံ့အပြားမိုးရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၂၈	၂၆	နေရာကျဲကျဲမိုးရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၆	နေရာကျဲကျဲမိုးရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၆	၂၃	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၅	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၉	၂၂	နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက် မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၂	၁၈	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၈	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၉	၂၃	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၂၉	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၅	မိုးအသင့်အတင့်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၆	နေရာကွက်ကျားမိုးရွာ	၈၀%

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင်တိမ့်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပလက်ဝမြို့တွင် ၅ ဒသမ ၅၅ လက်မ၊ ထားဝယ်မြို့တွင် ၅ ဒသမ ၄၇ လက်မ၊ အမ်းမြို့တွင် ၅ ဒသမ ၃၁ လက်မ၊ စစ်တွေမြို့တွင် ၅ ဒသမ ၂၈ လက်မ၊ မောင်တောမြို့တွင် ၅ ဒသမ ၁၉ လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၂၅ လက်မ၊ လောင်းလုံမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၈၅ လက်မ၊ လှိုင်ကော်မြို့တွင် ၃ ဒသမ ၇၄ လက်မနှင့် ပူတာအို၊ ဖျာပုံမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၃ ဒသမ ၃၅ လက်မစီတို့ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ယနေ့ ဖတ်စရာမှတ်စရာ

PPC ကတ်အတုများ မပြစ်ပေါ်စေရန် စောင့်စည်းသင့်

နိုင်ငံခြားမှ တင်သွင်းရောင်းချသော Secure Printer များသည် PPC ကတ်ပြားပေါ်၌ တိုက်ရိုက် ရိုက်နှိပ်၍ ID card၊ Member Card၊ နယ်ကူးဖြတ်ကျော်ခွင့်ကတ်၊ ဌာနဆိုင်ရာဝန်ထမ်းကတ်များ၊ ယာဉ်မောင်းလိုင်စင်များ၊ အသက်အာမခံကတ်ပြားများ၊ ဘီးခွန်ကတ်ပြားများ၊ ဌာနဆိုင်ရာအရေးပေါ်ဝင်ထွက်ခွင့်ကတ် စသည်တို့ကို ပြုလုပ်နိုင်သည်။ အာရှနှင့် ဥရောပနိုင်ငံကြီးများတွင် Secure Printer များကို လျှို့ဝှက် Code များ ထည့်သွင်းကာ ကမ္ဘာ့အဆင့်စံနှုန်းကိုက်ညီသည့် ကတ်ပြားများအဖြစ် အသုံးပြုလျက်ရှိနေကြရာ PPC ကတ်အတုများ မဖြစ်ပေါ်စေရန် ကုမ္ပဏီအများစုက စောင့်စည်းထိန်းသိမ်းကြရန် လိုအပ်လှပေသည်။

PPC ကတ်အတုနှင့် ပတ်သက်၍ ဝန်ဆောင်မှုကုမ္ပဏီတစ်ခုမှ “ကျွန်တော်တို့က PPC ကတ်တွေကို ဝန်ဆောင်မှုပေးပါတယ်။ ဒါပေမယ့် ဝန်ထမ်းကတ်ဆိုရင် ဌာနဆိုင်ရာတွေဆီက ထောက်ခံချက်စာတွေတောင်းပြီး သေချာစိစစ်ထုတ်ပေးပါတယ်။ တချို့မသမာသူတွေက ထောက်ခံစာမဖော်ပြနိုင်ရင် ကျွန်တော်တို့ လုပ်မပေးဘူး ပြန်လွှတ်လိုက်တယ်။ အဲ့လိုမလုပ်ရင် ပြဿနာဖြစ်ရင် ကျွန်တော်တို့ပဲ ထိခိုက်မှာပါ”ဟု PPC ကတ်ကို အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ပေးနေသည့် ကုမ္ပဏီမှ တာဝန်ရှိသူက ပြောပြခဲ့ကြောင်း သိရသည်။

❖ **ကျောဖုံးမှ**

ဘာသာဘာဝ နေထိုင်ကျက်စားသည့် တစ်ခုတည်းသော ဒေသဖြစ်သည်။

ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေရာတွင် ဆိုက်စမစ်လေ့လာမှုများ ပြုလုပ်ရကြောင်း၊ ယင်းသို့ ပြုလုပ်ရာ၌ ပင်လယ်ရေအောက်၌ အလွန်ကျယ်လောင်သော အသံများဖြစ်ပေါ်ရာ ဝေလငါးများမှာ ကြောက်လန့်တကြားဖြင့် အဝေးသို့ ထွက်ပြေးတိမ်းရှောင်ကြရပြီး ယင်းသတ္တဝါများ၏ သောတအာရုံခံနိုင်စွမ်းထိခိုက်ရကြောင်း သိပ္ပံပညာရှင်များက ဖြေကြားသည်။

ဆာခါလင်ကျွန်းအနီး ဆိုက်စမစ်လေ့လာမှုများပြုလုပ်နေခြင်းကို တစ်နှစ်ထက်မနည်း ဆိုင်းငံ့ပေးရန် သိပ္ပံပညာရှင်များက တိုက်တွန်းသည်။ အင်တာနက်။

အမြို့မြို့အနယ်နယ်သတင်းများ

အမြို့မြို့အနယ်နယ်သတင်းများ အမြို့မြို့အနယ်နယ်သတင်းများ

မြတ်ပညာငွေစုငွေချေး အရပ်ရပ်ဆိုင်ရာဆွေးနွေး

ဝါးခယ်မ ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပညာရေးဝန်ထမ်းများ၏ မြတ်ပညာ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်နှင့် ဂျီအီးစီပညာရေးဝန်ထမ်း သမဝါယမအသင်းလီမိတက်တို့၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၅ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ပိုက်မိခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်ညိုက အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ပညာရေးဝန်ထမ်း သားသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၈၂)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအုပ်စု ကွင်းအမှတ်(၈၄၈) ဦးပိုင်အမှတ်(၄၂/၁) တောင်သူ ဦးမြင့်သောင်း၏ လယ်မြေ ငါးကေတွင် ဇူလိုင် ၁၀ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းနှင့် ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးကျော်သောင်းနှင့် အဖွဲ့ဝင်များသည် သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော ပျိုးခင်းပေါင်များနှင့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စိုက်ပျိုးရေး)

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် ဇူလိုင် ၂၂

ဦးစိုင်းကျော်ထင်(နန်းချောသကြားစက်)သည် ကစားဖော်များ ဖြစ်ကြသော ဦးစိုးညွန့်(ကျောင်းအုပ်ကြီး)၊ ဦးစိုင်းစိုးနိုင်တင်၊ ဦးစိုင်းကောကော၊ ဦးစိုင်းအိုက်သန်း၊ ဦးစိုင်းအိုက်အောင်တို့နှင့်အတူ ဇူလိုင် ၂၁ ရက် နံနက် ၆ နာရီခွဲတွင် ရွှေမန်းတောင်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist No(3) ဂေါက်သီးကို Homma (4) Star No(9) တုတ်ဖြင့် ရိုက်လိုက်ရာ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ဦးစိုင်းကျော်ထင်သည် ယခုအကြိမ်အပါအဝင် တစ်ချက်တည်းကျင်းဝင်မှုမှာ (၆)ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

သစ်ထုတ်ယူသုံးစွဲမှုလျော့ပါးရေး ထင်းများဝေငှ

သာစည် ဇူလိုင် ၂၂

သဘာဝတောများမှ သစ်ထုတ်ယူသုံးစွဲမှု လျော့ပါးစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွင် အထောက်အကူပြုစေရန် ကျေးရွာသုံး စိုက်ခင်း ဧက ၃၀ မှ ထွက်ရှိသော ထင်းများကို မေ ၂၈ ရက်က သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာရှိ အိမ်ထောင်စု ၃၀၀ အား ထင်းတန် ၁၀၀ ကို သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ ဝေငှပေးရာ မိတ္ထီလာခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်၊ သာစည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထွန်းတို့က ကြီးကြပ်၍ ဝေငှပေးကြသည်။ (၄၂၅)

မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော သဘာဝရေလျှံကွင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ဇွန် ၃၀ ရက်က အမရပူရမြို့နယ် ရွှေကြက်ယက်ဆိပ်ကမ်းနှင့် အိုးတုတ္တန်းဆိပ်ကမ်းတို့၌ ကျင်းပရာ မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဌာနမှူး ဦးအေးလွင်၊ မြို့နယ်ဦးစီးမှူး ဦးသန်းဇော်နှင့် ဝန်ထမ်းများ၊ ရွှေကြက်ယက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကောင်းနှင့် လူမှုရေးအဖွဲ့များ ငါးသားပေါက်ကောင်ရေ သိန်း ၆၀ကို စိုက်ထည့်ပေးကြစဉ်။ (၆၃၀)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပဏာမမြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများ၏ စခန်းဝင်လေ့ကျင့်နေမှု ကြည့်ရှုအားပေး

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော် တောင်ညိုရှိ ငလိုက်ဆည်၌ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများ၏ စံချိန်ယူသရုပ်ပြ ပြိုင်ပွဲများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၂

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် တောင်ညိုရှိ ငလိုက်ဆည်သို့ ရောက်ရှိကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများ၏ စံချိန်ယူသရုပ်ပြပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံလှေလှော်အားကစားအဖွဲ့ချုပ် အတွင်းရေးမှူးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် လှေလှော်ပြိုင်ပွဲ အမျိုးအစားများ၊ တာလွှတ်စင်၊ ပွဲကြည့်စင်နှင့် တာဖမ်းစင် ထားရှိမည့် နေရာများနှင့် ရေလမ်းကြောင်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီး လှေလှော်အားကစားသမားများ၏ ကနူး၊ ကယက်လှေ၊ အပြည်ပြည်ဆိုင်ရာလှေ၊ ရိုးရာလှေလှော်ပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဏာမမြန်မာ့လက်ရွေးစင် လှေလှော် အားကစားသမား မောင်၊ မယ်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မခိုမကတ်သော စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ရသည့် အားကစားနည်းဖြစ်သဖြင့် အချိန်ပြည့် အင်အားပြည့်ဝနေစေရေး၊ နေထိုင်စားသောက်မှုများတွင် စည်းကမ်းတကျ ရှိစေရေး၊

နည်းပြဆရာများ၏ သင်ကြားပြသမှုနှင့် သွန်သင်ဆုံးမစကားများကို လိုက်နာကြပြီး စွမ်းအားပြည့် လေ့ကျင့်ယှဉ်ပြိုင်သွားကြရေး မှာကြားကာ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးများနှင့် အားကစားသမားများအား ထောက်ပံ့ကြေးငွေများ ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ဆည်တစ်လျှောက် တာလွှတ်စင်၊ တာဖမ်းစင်၊ ပွဲကြည့်စင်များနှင့် အားကစားသမားများအတွက် ယာယီနားနေဆောင်များဆောက်လုပ်ရန် လျာထားသည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ရန်ကုန်ဇုန်(၁)၊ ရန်ကုန်ဇုန်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ်အသင်းနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယနေ့မှ ဇူလိုင် ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၁)နေပြည်တော်အားကစားကွင်း အုပ်စု(ဆ)

လူမှုဝန်ထမ်းဝန်ကြီးဌာန နှစ်ဂိုး

(ဖြိုးပိုင်ဦး၊ ကျော်ဇေယျ)

ကာကွယ်ရေးဝန်ကြီးဌာန တစ်ဂိုး

(သီဟတင်စိုး)

(ဒိုင်လူကြီး) ဦးသန်းတင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(ဇ)

ဆက်သွယ်ရေးဝန်ကြီးဌာန ရှစ်ဂိုး

(မင်းဌေး-နှစ်ဂိုး၊ စိုးမိုးဝင်း၊ နိုင်နိုင်ထွန်း-၂၊အောင်ကိုကို၊ ချမ်းချမ်းမောင်၊ ပြည့်ဖြိုးဝင်း၊ ကိုကိုမောင်)

ယဉ်ကျေးမှု ဂိုးမရှိ

(ဒိုင်လူကြီး) ဦးအောင်မျိုးသန့်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ဆ)

အမှတ်(၁)လျှပ်စစ်ဝန်ကြီးဌာန ငါးဂိုး

(စံရွှေမောင်-နှစ်ဂိုး၊ ကျော်စည်သူ၊ ရန်နိုင်အောင်၊ အောင်စည်သူ)

နိုင်ငံခြားရေးဝန်ကြီးဌာန တစ်ဂိုး

(ဇော်မင်းသိန်း)

(ဒိုင်လူကြီး) ဦးသန်းဇော်မင်း(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၃-၇-၂၀၁၁ (စနေနေ့)ပွဲစဉ်များ

အမှတ်(၁) နေပြည်တော်အားကစားကွင်း အုပ်စု(ဇ)

သစ်တောရေးရာနှင့် ပြန်ကြားရေး

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(က)

တရားလွှတ်တော်ချုပ်ရုံးနှင့်မွေး/ရေ

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(က)

ဘဏ္ဍာ/အခွန်နှင့် ရထား

(၁၀၇)

ကမ္ဘာ့ဖလားအာရှခြေစစ်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၂

ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ ဒုတိယအဆင့်အဖြစ် ဇူလိုင် ၂၃ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် အိုမန်အသင်းနှင့် ပထမအကျော့အဝေးကွင်းတွင် ကစားရမည်ဖြစ်သော မြန်မာ့လက်ရွေးစင်အသင်းသည် ဇူလိုင် ၂၀ ရက်က အိုမန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားပြီဖြစ်သည်။**(အပေါ်ပုံ)**မြန်မာအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းအောင် (အကြံပေး၊ MFF)၊ မန်နေဂျာအဖြစ် ဦးတင်မြင့်အောင် (ဧရာဝတီယူနိုက်တက်)၊ နည်းပြချုပ် ဦးဆန်းဝင်း (KBZ)၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်ထွန်းထွန်း(MFF)၊ ဦးမျိုးချစ် (ဇေယျာရွှေမြေ)၊ မီဒီယာတာဝန်ခံ ဦးစိုးမိုးကျော် (မီဒီယာဒါရိုက်တာ၊ MFF)နှင့် အသင်းဆရာဝန် ဦးမျိုးမင်းဦးတို့ လိုက်ပါသွားသည်။ ကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ထက်၊ ပြည့်ဖြိုးအောင်၊ သီဟစည်သူ၊ နောက်တန်း-ဇော်မင်းထွန်း၊ ရန်အောင်ဝင်း၊ ရွှေလှိုင်ဝင်း၊ ခင်မောင်လွင်၊ မိုးဝင်း၊ ဇော်ဇော်ဦး၊ ကျော်ဇေယျာဝင်း၊ အလယ်တန်း-ရန်အောင်ကျော်၊ မင်းမင်းသူ၊ ဒေးဗစ်ထန်း၊ ကြည်လင်း၊ ပိုင်စိုး၊ သိန်းသန်းဝင်း၊ ဇော်လင်း၊ သုထက်ပိုင်၊ ရှေ့တန်း-ကျော်ကိုကို၊ ရန်ပိုင်၊ စိုးမင်းဦး၊ စည်သူဝင်း၊ မိုင်းအိုက်နိုင် စုစုပေါင်း ကစားသမား ၂၃ ဦးတို့ လိုက်ပါသွားသည်။

မြန်မာအသင်းသည် ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ ဒုတိယအဆင့် ဒုတိယကျော့အဖြစ် အိုမန်အသင်းအား ဇူလိုင် ၂၈ ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ လက်ခံကစားရမည်ဖြစ်သည်။ (ကြေးမုံ)

ရွက်လှေပြိုင်ပွဲ ယှဉ်ပြိုင်ရန် စင်ကာပူသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၂

စင်ကာပူနိုင်ငံ၌ ဇူလိုင် ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် OCBC 21st IODA ASIAN OPTIMIST CHAMPIONSHIP 2011 အသက် (၁၅)နှစ်အောက် ရွက်လှေပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာရွက်လှေအသင်းသည် ယနေ့နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။**(ဓါတ်ပုံ)**

ယင်းမြန်မာရွက်လှေအဖွဲ့တွင် အားကစားသမားများဖြစ်ကြသော သီဟကျော်ခိုင်ဇော်နှင့် ဧကရီကျော်၊ အသင်းအုပ်ချုပ်/နည်းပြအဖြစ် ဦးသန်းစိန်တို့ လိုက်ပါသွားကြပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၅ နိုင်ငံကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၂

ဦးဂွန်ဒန်ဒူ(ခ)အားဒူသည် ကစားဖော်များဖြစ်ကြသော ဦးသန်းဝင်း၊ ဦးကိုကိုလတ်၊ ဦးကြီးမြင့်၊ ဦးဇော်ဘောပ်တို့နှင့်အတူ ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON No.2 ဘောလုံးကို PW တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၂၀ အကွာအဝေးရှိ ကျင်းအမှတ်(၁၁) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ကြေးမုံ)

ဆရာကြီးဦးအုန်းမြင့်(ဒီဇယ်)အား
အသက် (၆၀) ပြည့်မွေးနေ့ ကန်တော့ပွဲကျင်းပမည်

၁၉၇၇-၁၉၉၁	ရေနံချောင်းစက်မှု အထက တပည့်များ
၁၉၉၁-၁၉၉၇	တောင်ငူ G.T.I တပည့်များ
၁၉၉၇-၂၀၀၂	အင်းစိန် G.T.I တပည့်များ
၂၀၀၂-၂၀၁၁	သုတေသနဆိုင်ရာတပည့်များနှင့် စာအုပ်တပည့်များ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ DOLPHIN RES - TAURANT ၊ မြေပဒေသာဥယျာဉ်ဝင်း

နေ့ရက် - ၇-၈-၂၀၁၁ရက်(တနင်္ဂနွေနေ့)

အချိန် - မွန်းတည့် (၁၂)နာရီ

အလှူငွေထည့်ဝင်လိုသူများ အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်ပါသည်။

တေဇဇော်(ရန်ကုန်)	- ၀၉၅၁၅၅၅၇၇
လင်းဇာနည်ရွှေ(ရန်ကုန်)	- ၀၉၅၁၅၈၆၃၈
နေမျိုး(ရန်ကုန်)	- ၀၉၅၀၀၆၃၁၄
ဘုတ်ဘုတ်(ရန်ကုန်)	- ၀၉၅၄၀၂၈၄၅
ဝင်းကို(ရန်ကုန်)	- ၀၉၅၀၉၀၆၇၈
ကျော်ကျော်လွင်(တောင်ငူ)	- ၀၉၅၃၅၀၂၅၂
ဇော်ဝမ်း(နေပြည်တော်)	- ၀၉၈၃၀၅၃၅၃
ဒေါက်တာအေးအေးမွန်(ကျောက်ဆည်)	- ၀၉၅၆၆၀၂၃၅
ဒေါက်တာစိမ့်သန္တာထွန်း(နေပြည်တော်)	- ၀၉၄၉၂၄၁၉၂၄
ဒေါက်တာနန်းစိန်မြ(ပြင်ဦးလွင်)	- ၀၉၂၀၃၄၇၈၇
အောင်တင်ဖြိုးထွန်း(မန္တလေး)	- ၀၉၂၀၂၀၉၄၅
ဗညားကျော်စွာမြင့်(မန္တလေး)	- ၀၉၅၀၀၃၉၁၀
ကြည်သန်း(ပြည်)	- ၀၉၅၃၁၃၂၆၅
ဝမ်းဗိုလ်(ချောက်)	- ၀၉ ၂၃၀၅၈၈၂
ဝမ်းနိုင်(မန္တလေး)	- R.T.C
စိုးမြင့်(ရေနံချောင်း)	- G.T.I

ကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့

မုတ်သုံစာအုပ်စျေးပွဲတော်

၁-၈-၂၀၁၁ရက် မှ ၇-၈-၂၀၁၁ရက် အထိ စိတ်ကူးချိုချို၊ အလင်းသစ်၊ လင်းလွန်းခင်၊ နေရီရီ၊ wisdom house ၊ ဆုပြည့်စုံထွန်း၊ ခေတ်ပြတိုက်၊ စာနဒီ၊ အရှေ့ကြယ်၊ ယဉ်မျိုး၊ ခါကာဘို၊ တကောင်း-- အစရှိသည့် စာပေတိုက်ကြီးများမှ သုတ၊ ရသ စာအုပ်မျိုးစုံကို ၁၀% လျှော့၍ ရောင်းချပေးသွားမည်ဖြစ်ပါသည်။

လဝန်းဖြူ စာပေနှင့် စာရေးကိရိယာ
ပ/၁၅၈၊ ပွဲရုံတန်း၊ အငှားယာဉ် ကားရပ်နားကွင်း
သပြေကုန်းဈေး၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၃၂၂၃၈၊ ၀၉၈၆၁၃၅၆၂၊ ၀၉၄၉၂၅၉၇၇၃



ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၆/၁)ရပ်ကွက်၊ မြေကွက်အမှတ်(၇၃၄)၊ ဧရိယာ(၀. ၀၈၁) နှစ်(၆၀)မြေငှားဂရန်မြေကွက်၊ အုတ်ခတ်၊ ဇဋ္ဌိလလမ်းသွယ်(၄)လမ်း၊ အမှတ်(၇၃၄)ဟုခေါ်တွင်သော မြေကွက်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်က စရန်ငွေပေး၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ မူရင်းစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကျော့ကေသာစိုးစံ
[၁၂/ရကန(နိုင်) ၀၂၆၁၈၉]
(၅၄/က)၊ ကြက္ကိတံအိမ်ရာ၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ရောင်းမည်

မျက်နှာစာပေ ၁၀၀ (ဘိုးဘွား) ၁၀၀၀၀ Sqft ဝန်းကျင် လမ်းမကျယ် ရွှေပြည်အေးလမ်း၊ နံ့သာကုန်း၊ အင်းစိန်

ဖုန်း-၆၄၀၂၃၈

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

၂၀၁၁ ခုနှစ် တတိယအကြိမ် ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌဖလား အသက်(၂၀)အောက် နယ်မြေပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ဝါးခယ်မမြို့ မြို့မဘောလုံးကွင်း၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောမြသိန်း အမှာစကားပြောကြားစဉ်။ (၁၈၂)

ဇူလိုင် ၄ ရက်တွင် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခရိုင်ချင်းဆက်လမ်း အမှတ်(၃)နှင့် စကျင်ကျေးရွာသို့ ဆက်သွယ်သည့် ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို အင်ဂျင်နီယာ ဦးမျိုးအောင် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တီးတိန်မြို့၌ ရပ်ကွက်/ကျေးရွာဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

၂၀၁၁ ခုနှစ် ပထမအကြိမ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် ညနေပိုင်းတွင် ချင်းပြည်နယ် တီးတိန်မြို့ ကမ်းဟောက် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်နှင့် မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်က အဖွင့်အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲနေ့ ပွဲစဉ်အဖြစ် မြို့မအသင်းနှင့် လေလုမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

ဇူလိုင် ၂၁ ရက်က ရန်ကုန်မြို့ သာကေတမြို့နယ်နေ ဦးမောင်မောင်ကြီး-ဒေါက်တာခင်မို့မို့၊ သား မောင်အောင်ကျော်သူမိသားစုက ဒေါက်တာခင်မို့မို့၏ (၅၁)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး ဘုရားခန်းအတွက် မတည်အလှူငွေကျပ် သိန်း ၃၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)



ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၂

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် (၂၁/၄၃)(စီ) ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအနေဖြင့် ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးစိုးသိမ်း(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၇၇၆၇၂၊ ဦးအေးကျော် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၆၅၄၇၉၊ ဦးစိုးဝင်း (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၇၃၀၃၇၄၉၆၊ ဦးစံမြိုင် (အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၀၃၁၇၆၈ နှင့် ဒေါ်ခင်ဆွေသိန်း(ဘဏ္ဍာရေးမှူး) ဖုန်း-၀၁-၅၁၈၁၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆားလင်းကြီး-ပေါင်း၀ ကွန်ကရစ်လမ်းတံတား တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြည်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**
☆ RFA, DVB - **သွေးထိုးနေသည်။**
☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။**

ယနေ့ သတင်းအညွှန်း

ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်ရာ ဒေသများ၌ အကူအညီပေးရေး ဆွေးနွေး

(သတင်း) စာမျက်နှာ-၅

PPC ကတ်အတုများ မဖြစ်ပေါ်စေရန် စောင့်စည်းသင့်

(သတင်း) စာမျက်နှာ-၉

ပလူတိုဂြိုဟ်၏ စတုတ္ထမြောက် ဂြိုဟ်ရံလ စီးဘားရပ်စ် အမည်ရ

(သတင်း) စာမျက်နှာ-၄

ပဏာမ မြန်မာ့လက်ရွေးစင် လှေလှော် အားကစားသမားများ လေ့ကျင့်ခန်းဝင်လေ့ကျင့်



(သတင်း) စာမျက်နှာ-၁၀

မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့ဖလား အာရှခြေစစ်ပွဲ ယှဉ်ပြိုင်ရန်ထွက်ခွာ

(သတင်း) စာမျက်နှာ-၁၀

ရုရှား အရှေ့ဖျားဒေသ၌ ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေမှု မီးခိုးရောင် ဝေလငါးများကို ထိခိုက်စေနိုင်

မော်စကို ဇူလိုင် ၂၂

ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေမှုများ ဆက်လက်ပြုလုပ်နေမှုကြောင့် မျိုးသုဉ်းမည့်ဘေးအန္တရာယ်ရှိ မီးခိုးရောင်ဝေလငါးများ၏ နေထိုင်ကျက်စားမှုကို ထိခိုက်စေနိုင်ကြောင်း နိုင်ငံတကာ ဝေလငါးကော်မရှင် သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ရုရှားနိုင်ငံ ဆာခါလင်ကျွန်းအနီး၌ မီးခိုးရောင် ဝေလငါးများ၏ နွေရာသီ ကျက်စားရာဒေသ တည်ရှိသည်။

ယင်းဒေသ၌ ကုမ္ပဏီများက ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေရာတွင် ဆိုက်စမစ်သေနတ်များကို အသုံးပြုလျက်ရှိကြောင်း၊ စွမ်းအင်ကုမ္ပဏီများအနေဖြင့် ဝေလငါးများ မျိုးမသုဉ်းရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်သင့်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ရုရှား နိုင်ငံ ဆာခါလင်ကျွန်း အနီး၌ နေထိုင်ကျက်စားသော မီး ခိုး ရောင် ဝေလ ငါးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ- အင်တာနက်)*

မီးခိုးရောင် ဝေလငါးများသည် ယခုအခါ ကောင်ရေ ၁၃၀ ခန့်သာလျှင် ကျန်ရှိတော့ကြောင်း၊ ယင်းအရေအတွက်အနက် မျိုးပွားနိုင်သော ဝေလငါးမ ၂၆ ကောင်သာရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဆာခါလင်ကျွန်းအနီးတစ်ဝိုက်ဒေသသည် မီးခိုးရောင် ဝေလငါးများ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

![logo] အင်တာနက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသတင်း

ဘာသာပြန် တက်လူ

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	လွိုင်ကော်	၉၅	၃. ၇၄	၇၀	၂. ၇၆	၂၈-၇-၂၀၀၄	၆၂

(သတင်းစဉ်)

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၂

ချင်းတွင်းမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မော်လိုက်မြို့တွင် ၁၂၉၄ စင်တီမီတာနှင့် ကလေးဝမြို့တွင် ၁၆၀၄ စင်တီမီတာအသီးသီးသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်များဖြစ်သော ၁၂၃၀ စင်တီမီတာနှင့် ၁၅၅၀ စင်တီမီတာ အသီးသီးအထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

(သတင်းစဉ်)